ကြေးမုံ
The Mirror
၁၃၆၅ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၇ ရက်၊ စနေနေ့၊ (27-3-2004) (၄၁၈၈)

**ဝိရတီ ပါပါ တောံ မင်္ဂလ မုတ္တမံ။** မကောင်းမှုကို စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

**စက်ခလုတ်နှိပ် ဖွင့်လှစ်**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းခေါင်လမ်းရှိ Myanmar Convention Centre ဖွင့်ပွဲအခမ်းအနားတွင် Myanmar Convention Centre ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

**တပ်မတော်နေ့ ဂုဏ်ပြုထုတ်ဝေသည့် ရောင်စုံအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ်ကြေးမုံသတင်းစာတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုထုတ်ဝေသည့် ရောင်စုံအချပ်ပို လေးမျက်နှာပါရှိပါသည်။ မရရှိပါက ကြေးမုံသတင်းစာတိုက်သို့ တိုင်ကြားနိုင်ပါသည်။ (ကြေးမုံ)






# (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို

# မြန်မာကွန်ဗင်းရှင်းစင်တာ ဖွင့်ပွဲအခမ်းအနား ကျင်းပ

# နိုင်ငံတကာအဆင့် ညီလာခံများ လက်ခံကျင်းပသွားမည်

ရန်ကုန် မတ် ၂၆

**(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူ တည်ဆောက်ပြီးစီးသွားသော** Myanmar Convention Centre **ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းခေါင်လမ်းရှိ အဆိုပါ** Myanmar Convention Centre **၌ ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ချီးမြှင့်သည်။**

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယမြို့တော်ဝန်၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ ဌာနမှူးများ၊ ဝန်ထမ်းများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဖွင့်ပွဲအစီအစဉ် ပထမပိုင်းကို အဝင်မုခ်ဦးရှေ့တွင် စတင်ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ဖဲကြိုးဖြတ်၍ Myanmar Convention Centre ကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❁



**မရမ်းကုန်းမြို့နယ် မင်းခေါင်လမ်းရှိ** Myanmar Convention Centre **အဆောက်အအုံကို တွေ့ရစဉ်။** (သတင်းစဉ်)

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

27-3)KM.P65 1 3/27/04, 1:35 AM

၂၇-၃-၂၀၀၄
(စနေနေ့)

# သမိုင်းအစဉ်အဆက် နိုင်ငံနှင့်ပြည်သူအတွက် စွန့်လွှတ်စွန့်စား ကာကွယ်ခဲ့သည့် တပ်မတော်

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၅၉)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင်ပေါက်ဖွားလာခဲ့ပြီး တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲ၍ လွတ်လပ်ရေးရရှိစေရန် ဆောင်ရွက်ပေးခဲ့သော တပ်မတော်အဖြစ် သမိုင်းတွင်ကမ္ပည်းတင်နိုင်ခဲ့သည်။

တပ်မတော်သည် အမျိုးသားနိုင်ငံရေး ရည်မှန်းချက်နှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ပေါ်ပေါက်လာခဲ့ရခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ရှိသော တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့်ဖွဲ့စည်းထားသည်။ မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး အမျိုးသားရေးတာဝန်ကို အသက်နှင့်လဲ၍ ဦးလည်မသုန် ထမ်းဆောင်လျက်ရှိသဖြင့် မျိုးချစ်တပ်မတော်ဟူသည့် ဂုဏ်ထူးဝိသေသရှိသော တပ်မတော်ဖြစ်သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မြန်မာ့သမိုင်း၌ မော်ကွန်းတင်ထင်ရှားလျက်ရှိသည့် ဖက်ဆစ်တော်လှန်ရေးကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား ပေါင်းစည်းဆင်နွှဲခဲ့သည်။

တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့သည့် အချိန်မှစ၍ ကိုယ်ပိုင်သီးခြား လွတ်လပ်သည့်တပ်မတော်၊ နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသော အမျိုးသားတပ်မတော်အသွင်သို့ တိုးတက်ပြောင်းလဲရောက်ရှိခဲ့သည်။

သမိုင်းအစဉ်အဆက် အစဉ်အလာကြီးမားခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် အသက်၊ သွေး၊ ချွေးများစွာ စွန့်လွှတ်၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရသည်။ တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ပြည်သူတို့၏ အကျိုးစီးပွားကို ထာဝရ သယ်ပိုးထမ်းရွက်လျက်ရှိသည်။

ယင်းကဲ့သို့ တပ်မတော်က နိုင်ငံတော်နှင့်ပြည်သူတို့အတွက် ရှေ့တန်းက မားမားမတ်မတ်ရပ်တည် ကာကွယ်စောင့်ရှောက်လာခဲ့သည်မှာ (၅၉)နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်ပေသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့၏ ပါဝင်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသောကာလဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့က စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရရှိနေသောအချိန်အခါဖြစ်သည်။

သို့သော် မြန်မာနိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိလာသည်ကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများက နည်းလမ်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးရန် ဖန်တီးလုပ်ဆောင်လျက်ရှိကြသည်။ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုနေသော တပ်မတော်ကိုပင် စွပ်စွဲချက်အမျိုးမျိုးဖြင့် ပုတ်ခတ်ပြောဆို ထိုးနှက်လျက်ရှိကြောင်း ကြားသိနေရသည်။

ပြည်တွင်း၊ ပြည်ပအဖျက်သမားတို့က တပ်မတော်နှင့် တိုင်းရင်းသား ပြည်သူတို့အကြား၌ မည်သို့ပင်သွေးခွဲလုပ်ကြံ စွပ်စွဲချက်များဖြင့် ဖန်တီးလုပ်ဆောင်နေစေကာမူ တပ်မတော်နှင့်ပြည်သူတို့သည် ရေကိုသားသော်လည်း အကြားမထင်သကဲ့သို့ တစ်သွေးတည်း၊ တစ်သားတည်း စည်းလုံးညီညွတ်မှု ခိုင်မြဲလျက်ရှိနေသည်။

လွတ်လပ်ရေးကြိုးပမ်းမှု ကာလမှသည် မျက်မှောက်ကာလတိုင်အောင် ခေတ်အဆက်ဆက်တွင် သစ္စာရှိသော တပ်မတော်၏ စည်းလုံးညီညွတ်မှု၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ စည်းလုံးညီညွတ်မှုများသည် မြန်မာ့သမိုင်းတွင် အမျိုးသားရေး မှတ်ကျောက်တင်နိုင်ခဲ့ပြီး ဖြစ်ပေသည်။

သို့ဖြစ်ရာ သမိုင်းအစဉ်အလာကြီးမားပြီး အမျိုးသားရေး သစ္စာကြီးသောတပ်မတော်၊ သမိုင်းအစဉ်အဆက် နိုင်ငံတော်နှင့် ပြည်သူများအတွက် ရှေ့တန်းက စွန့်လွှတ်စွန့်စား မားမားမတ်မတ် ရပ်တည်ကာကွယ်ခဲ့သော တပ်မတော်သည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဆက်လက်ကြိုးပမ်းတည်ဆောက်သွားနိုင်မည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ☆ တပ်မတော်အား (၁၀)ပါး ☆

၁။ သစ္စာစောင့်သိမှု၊
၂။ အမိန့်နာခံတတ်မှု၊
၃။ စိတ်ဓာတ်ခိုင်မာမှုနှင့် ဖွဲ့သတ္တိပြည့်ဝမှု၊
၄။ စစ်စည်းကမ်းကောင်းမွန်မှု၊
၅။ လေ့ကျင့်သားပြည့်ဝမှု၊
၆။ တိုက်ရည်ခိုက်ရည်ပြည့်ဝမှု၊
၇။ ကျန်းမာကြံ့ခိုင်မှု၊
၈။ အချင်းချင်းရဲဘော်စိတ်ထားရှိမှု၊
၉။ စွန့်လွှတ်စွန့်စားမှု၊
၁၀။ သန္နိဋ္ဌာန်စိတ်ဖြင့် ရည်မှန်းချက် ပြီးမြောက်အောင် ဆောင်ရွက်မှု။

## (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ

**တပ်မတော်စစ်သမိုင်းပြတိုက်**
(ရွှေတိဂုံဘုရားလမ်း)
(၂၆-၃-၂၀၀၄ မှ ၄-၄-၂၀၀၄)

မည်သူမဆို အခမဲ့ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါသည်။

## (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ

### တပ်မတော်၏
### အတိတ် ပစ္စုပ္ပန် အနာဂတ်

အတိတ်
☆ အမျိုးဘာသာ သာသနာရေး
လွတ်လပ်ရေး အချုပ်အခြာ
ဦးဆောင်ကာ အမျိုးသားရေး
အသက်ပေးလှူကာ၊
လွတ်လပ်၍ မတင်မကြာ
အစည်းပြေကာ ရောင်စုံပြား
မြို့သာယာ ရွာစည်ကားဖို့
တပ်မတော် မနေမနား
နှစ်ရှည်လများ။

ပစ္စုပ္ပန်
☆ အမျိုးသား ညီညွတ်ရေး
ဆွေးနွေးလို့ အောင်မြင်ရာ
ရာနှုန်းမှာ ပြည့်လုနီး
ခရီးမကွာ၊
တည်ငြိမ်သည့် ကဏ္ဍဖြာဖြာ
မြို့ပြည်ရွာ နယ်စွန်ဖျား
ဦးဆောင်ကာ သွေးချင်းသား
ဖွံ့ဖြိုးသာ မကွာခြား
ပြည်ထောင်စုတစ်လွှား။

အနာဂတ်
☆ အမျိုးသား နိုင်ငံရေး
ချင့်တွေးလို့ စဉ်းစားကာ
ဦးဆောင်ပါ တစ်ရွက်တစ်ထမ်း
ရွက်ထမ်းဝင်ပါ၊
တပ်မတော် အစဉ်အလာ
မရှောင်သာ တစ်ကန့်တစ်ခန်း
ကျေပွန်စွာ ပါဝင်ထမ်း
ဦးဆောင်မှုအခန်း။

ကျော်စောဟန်

## တပ်မတော်နေ့ပြပွဲ စတင်ဖွင့်လှစ်ပြသ

**ရန်ကုန် မတ် ၂၆**

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲကို ယနေ့နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ စတင်ဖွင့်လှစ်ပြသသည်။

ပြပွဲတွင် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်ပြခန်း၊ တပ်မတော်သမိုင်းပြခန်း၊ ဝန်ကြီးဌာနအသီးသီး၏ တိုင်းကျိုးပြည်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများပြခန်း၊ တပ်မတော်(ရေ)ပြခန်း၊ တပ်မတော်(လေ)ပြခန်း၊ တိုင်းစစ်ဌာနချုပ်ပြခန်းများနှင့် ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများကို စနစ်တကျခင်းကျင်းပြသထားသည်။

အဆိုပါပြပွဲသို့ နိုင်ငံခြားသားများအပါအဝင် ရဟန်းရှင်လူပြည်သူ ၅၇၄ဦးတို့ လာရောက်ကြည့်ရှုလေ့လာကြပြီး ပြပွဲကို ဧပြီ ၄ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၆နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ရာ မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

## ဘုရင့်နောင် စစ်ကြောင်းသို့ အလှူငွေနှင့် မုန့်များလှူဒါန်း

**ရန်ကုန် မတ် ၂၆**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘုရင့်နောင်စစ်ကြောင်းသို့ ဘီစကွတ်မုန့်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် စစ်ကြောင်းရုံးတည်ရှိရာ အမှတ် (၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဘုရင့်နောင်စစ်ကြောင်းရုံး၌ ကျင်းပရာ ဘုရင့်နောင်စစ်ကြောင်းမှူး ဗိုလ်မှူးကြီး သန်းဝင်းထံ လေးမျက်နှာကုမ္ပဏီလီမိတက်မှ ဦးအောင်မျိုးဒေါ်လှလှကြည်တို့က ဖျော်ရည်ပုလင်း ၂၀၊ ဘီစကွတ်မုန့် ၁၂၀ ထုပ်နှင့် အလှူငွေကျပ်တစ်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့်နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်မှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ ဖြစ်သည်။

**၂၀၀၄ခုနှစ်၊ မတ်လအတွက်**
**နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**
**၂၈-၃-၂၀၀၄ ရက်နေ့**
**၂၀၀၄ခုနှစ်၊ ဧပြီလအတွက်**
**၁၁-၄-၂၀၀၄ ရက်နေ့နှင့်**
**၂၅-၄-၂၀၀၄ ရက်နေ့**





(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြခန်းများကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

# (၅၉)နှစ်မြောက်တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲ ဖွင့်ပွဲကျင်းပ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်ဖွင့်လှစ်ပေး

ရန်ကုန် မတ် ၂၆

**(၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲ ပြပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။**

ပြပွဲဖွင့်ပွဲအခမ်းအနားသို့ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ်များဖြစ်ကြသည့် ဗိုလ်ချုပ်ဝင်းမြင့်၊ ဗိုလ်ချုပ်အောင်ကြည်နှင့် ဗိုလ်မှူးချုပ်ဉာဏ်ဝင်း၊(၅၉)နှစ်မြောက်တပ်မတော်နေ့ စာပေနှင့်အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီဝင်များ၊ စာပေနှင့် ဓာတ်ပုံပြပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၊တက္ကသိုလ်၊ကောလိပ်နှင့် အခြေခံပညာကျောင်းများ စာပေအနုပညာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၊ စာပေအနုပညာပြိုင်ပွဲ ပြပွဲခင်းကျင်းပြသရေး၊ နေရာချထားရေးနှင့် ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ စစ်သည်တော်ကျင့်ဝတ်နှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရေး၊ ဆုချီးမြှင့်ရေးနှင့် ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ ဦးတည်ချက်(၁၂)ရပ် ကွန်ပျူတာဉာဏ်စမ်းပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ရုပ်မြင်သံကြား ပဟေဠိ ကျင်းပရေးလုပ်ငန်းကော်မတီတို့မှဥက္ကဋ္ဌများနှင့် လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြိုင်ပွဲအသီးသီး၌ ဆုရရှိကြသူများ တက်ရောက်ကြသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌနှင့် (၅၉)နှစ်မြောက် စာပေနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေး ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက (၅၉)နှစ်မြောက်တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြပွဲ ဗဟိုပြကွက်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ပုံတူပန်းချီကား၊ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဦးတည်ချက်များနှင့် ဝဲယာဘက်တို့၌ ရဲရွာရေအား လျှပ်စစ်စီမံကိန်းနှင့် ဧရာဝတီတံတား (မကွေး)ဖွင့်ပွဲပုံပန်းချီကားတို့ကို ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

## လှည့်လည်ကြည့်ရှု

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြပွဲ၏ ဝဲဘက်ခြမ်း၌ ပြသထားသော ဂုဏ်ပြုပန်းပုရုပ်တုများ၊ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံများ၊ ဆုရရောင်စုံဓာတ်ပုံ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ဆုရသူများ၏ ကိုယ်ရေးအချက်များ၊ "ယဉ်ကျေးမှုအမွေ စောင့်ထိန်းလေ" ရောင်စုံဓာတ်ပုံများ၊ ရုပ်မြင်သံကြား ပဟေဠိဆုရသူများ၏ ကိုယ်ရေးအချက်များ၊ ဆုရပန်းချီလက်ရာများကိုလည်းကောင်း၊ ပြပွဲ၏ယာဘက်ခြမ်းရှိ တက္ကသိုလ်၊ ကောလိပ်နှင့်အခြေခံပညာကျောင်းများ၏ ကဗျာ၊ စာစီစာကုံး၊ ကွန်ပျူတာပန်းချီများ၊ ဆုရကဗျာ၊ စစ်ချီတေးများ၊ ဂုဏ်ပြုလက်ရာမွန် ပန်းချီကားများနှင့် စစ်သည်တော်ကျင့် ဝတ်ကျပန်းစကား ပြောပြိုင်ပွဲ ဆုရသူများ၏ ကိုယ်ရေးအချက်များ ပြကွက်တို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားကာ ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ(၅၉)နှစ်မြောက် တပ်မတော်နေ့ စာပေအနုပညာပြိုင်ပွဲပြပွဲကို ယနေ့မှ ဧပြီ ၄ ရက်အထိ နေ့စဉ်ပြသထားမည်ဖြစ်ပြီး ပြပွဲ၌ ပြပွဲဆိုင်ရာဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများကို နေ့စဉ်ကျင်းပကာ ဆုရရှိသူများကို ထိုက်တန်စွာဆုချီးမြှင့်မည်ဖြစ်သည်။

(သတင်းစဉ်)

# (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများဆုချီးမြှင့်ပွဲကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများချီးမြှင့်

ရန်ကုန် မတ် ၂၆

**(၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲဖွင့်လှစ်ပြသလျက်ရှိသည့် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ ကျင်းပရာ (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တက်ရောက်၍ ဆုများကိုချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။**

## တက်ရောက်

ဆုချီးမြှင့်ပွဲအခမ်းအနားသို့ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်း၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြခန်းတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူး စစ်သမိုင်းပြတိုက်နှင့် တပ်မတော် မော်ကွန်းတိုက်မှူးရုံးမှ ဦးစီးအရာရှိ(ဒုတိယတန်း) ဗိုလ်မှူး ကျော်ကျော်မြင့်က (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများခင်းကျင်းမှု ပြိုင်ပွဲတွင် ဆုရရှိကြသည့် ပြခန်းများစာရင်းကို ဖတ်ကြားကြေညာသည်။

## ဂုဏ်ပြုဆုများချီးမြှင့်

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ တပ်မတော် လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဝန်ကြီးဌာန ပြခန်းများတွင် ပထမဆုရ အမှတ်(၁)စက်မှုဝန်ကြီးဌာနပြခန်း၊ဒုတိယဆုရ ဆောက်လုပ်ရေးဝန်ကြီးဌာနပြခန်း၊ တတိယဆုရ ရထားပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ စတုတ္ထဆုရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြခန်း၊ ပဉ္စမဆုရ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနပြခန်းနှင့် အထူးဆုများ ရရှိကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာနပြခန်း၊ သတ္တုတွင်းဝန်ကြီးဌာနပြခန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနပြခန်း၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သစ်တောရေးရာဝန်ကြီးဌာနပြခန်း၊ ပြည်ထဲရေးဝန်ကြီးဌာနပြခန်းနှင့် စွမ်းအင်ဝန်ကြီးဌာန ပြခန်းတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

## ဆုချီးမြှင့်

ဆက်လက်၍ (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲပြခန်းများ ဆုချီးမြှင့်ရေး အကဲဖြတ်အမှတ်ပေးအဖွဲ့ဥက္ကဋ္ဌ၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်က တိုင်းစစ်ဌာနချုပ်ပြခန်းများတွင် ပထမဆုရ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်ပြခန်း၊ ဒုတိယဆုရ အနောက်မြောက်တိုင်း စစ်ဌာနချုပ်ပြခန်းနှင့် တတိယဆုရ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်ပြခန်း တို့ကိုလည်းကောင်း၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ် လှရွှေက အထူးဆုများရရှိကြသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ပြခန်း၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ်ပြခန်းနှင့် အနောက်တောင်တိုင်း စစ်ဌာနချုပ်ပြခန်းတို့ကိုလည်းကောင်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ)ဗိုလ်မှူးကြီးဉာဏ်ထွန်းက ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးပြခန်းများတွင် ပထမဆုရ စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးရုံးပြခန်း၊ ဒုတိယဆုရ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးပြခန်းနှင့် တတိယဆုရ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းတို့ကိုလည်းကောင်း၊ ဒုတိယစစ်ထောက်ချုပ် ဗိုလ်မှူးကြီးမြင့်အုန်းက အထူးဆုများရရှိကြသည့် သံချပ်ကာယန္တရားတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်း၊ ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ပြခန်းနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံးပြခန်းတို့ကိုလည်းကောင်း ဆုများ ချီးမြှင့်ကြသည်။

ထို့နောက် (၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ပြခန်း တာဝန်ရှိသူများအား အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



## ဆုချီးမြှင့်

(၅၉)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း (၅၉)နှစ်မြောက် တပ်မတော်နေ့ပြပွဲ ပြခန်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသော ဝန်ကြီးဌာနပြခန်းများအား ဆုချီးမြှင့်စဉ်။

(သတင်းစဉ်)

❀ ရှေ့ဖုံးမှ

စက်ခလုတ်နှိပ်၍ Myanmar Convention Centre ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် Myanmar Convention Centre ဖွင့်ပွဲအစီအစဉ် ဒုတိယပိုင်းကို ခန်းမကြီးအတွင်း၌ ဆက်လက်ကျင်းပသည်။

အစီအစဉ်အရ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက Myanmar Convention Centre နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရန်ကုန်မြို့တော်ကြီးကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ အင်္ဂါရပ်များနှင့် ပြည့်စုံစေရန်အတွက် အပြည်ပြည်ဆိုင်ရာ အထွေထွေသုံး ခန်းမကြီးတစ်ခု တည်ဆောက်ရန် လမ်းညွှန်ချက်ချမှတ်ပေးခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ အထွေထွေသုံး ခန်းမကြီးတည်ဆောက်ရေးစီမံကိန်းကို ၂၄-၃-၂၀၀၀ ရက်တွင် ရတနာအုတ်မြစ်စီ အခမ်းအနား ကျင်းပကာ စတင်အုတ်မြစ်ချခဲ့ပြီး ကန်ထရိုက်စနစ်ဖြင့် တည်ဆောက်ခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးတို့ကြောင့် လုပ်ငန်းစတင်ချိန်မှ နှစ်နှစ်ခွဲကာလအတွင်း အကြမ်းထည်လုပ်ငန်းများ၏ ၈၅ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ကြောင်း။

**နေ့ညဆောင်ရွက်ခဲ့**

လုပ်ငန်းများ မြန်ဆန်သွက်လက်စေရေးအတွက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ လမ်းညွှန်ချက်ခံယူ၍ ၂၀၀၃ခုနှစ် နိုဝင်ဘာလ ဒုတိယအပတ်မှ စတင်၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အင်ဂျင်နီယာများနှင့် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ အဆောက်အအုံ၏ ကျန်ရှိနေသော အကြမ်းထည်လုပ်ငန်းများ၊ အတွင်းပိုင်း ပြင်ဆင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ အဆောက်အအုံပြင်ပရှိ ဆောင်ရွက်ရမည့် လုပ်ငန်းများကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ ၁ ရက်မှစ၍ အရှိန်အဟုန်မြှင့် နေ့ညဆောင်ရွက်ခဲ့သည့်အတွက် ယနေ့ အချိန်အခါတွင် ဖွင့်ပွဲအခမ်းအနားကြီးကို အောင်မြင်စွာ ကျင်းပနိုင်သည့်အဆင့်ထိ ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း။

ယခု မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီး၏ အဝန်းအဝိုင်းမှာ ရှစ်ဧက ကျယ်ဝန်းပြီး ပင်မအဆောက်အအုံကြီး၏ အကျယ်အဝန်းမှာ ၁ ဒသမ ၁ ဧက ကျယ်ဝန်းကြောင်း၊ ကျန်မြေ ၇ ဒသမ ၉ ဧက အတွင်းတွင် လာရောက်သည့် ဧည့်သည်တော်များအတွက် လူ ၃၀၀ တစ်ပြိုင်တည်း တည်ခင်းနိုင်သော အဆင့်မီ စားသောက်ဆိုင်တစ်ခုကို ထည့်သွင်းတည်ဆောက်ထားပြီး အားလုံး မြင်တွေ့နေရသည့်အတိုင်း သီးသန့်ယာဉ်ရပ်နားရန်နေရာများ၊ လာရောက်သူများ စိတ်နှလုံး ကြည်နူးချမ်းမြေ့စေရန်အတွက် ကျယ်ပြန့်သော မြက်ခင်းကြီးနှင့် သစ်ပင်ပန်းမန်များကိုလည်း စိုက်ပျိုးထားကြောင်း။

ပင်မအဆောက်အအုံကြီး၏ မြေညီထပ်တွင် ၁၉၂ ပေ၊ ၁၂၈ ပေ အကျယ် ခန်းမကြီးတစ်ခု တည်ဆောက်ထားပြီး ၎င်းနှင့်လိုက်ဖက်သည့် ၆၄ ပေ အကျယ်ရှိ Stage တစ်ခုကိုပါ ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ယင်းခန်းမကြီးမှာ ယခုအခမ်းအနား ကျင်းပနေသည့် ခန်းမကြီးဖြစ်ပြီး လူအင်အား ၁၅၀၀ တစ်ပြိုင်တည်း တက်ရောက်အသုံးပြုနိုင်အောင် စီမံတည်ဆောက်ထားကြောင်း၊ ခန်းမကြီး၏ အပေါ်ထပ်ကိုပါ အသုံးပြုပါက လူအင်အား ၂၅၀၀ တစ်ပြိုင်တည်း တက်ရောက်နိုင်မှာဖြစ်ကြောင်း။

ထို့အပြင် နားနေခန်းများ၊ အစည်းအဝေးခန်းမများနှင့် အထူး ဧည့်ခန်းမဆောင်တို့လည်း ပါဝင်ဖွဲ့စည်း တည်ဆောက်ထားကြောင်း။

အဆောက်အအုံ၏ပြင်ပတွင် မော်တော်ယာဉ်ငယ် အစီးပေါင်း ၅၀၀ ခန့် ရပ်နားနိုင်သည့် ယာဉ်ရပ်ရန်နေရာ ထည့်သွင်းစီစဉ်ထားကြောင်း၊ ကျန်မြေဧရိယာ တော်တော်များများမှာ ဧည့်ခံပွဲ အခမ်းအနားများ၊ ဖျော်ဖြေတင်ဆက်ရေး အစီအစဉ်များ ကျင်းပနိုင်ရန်အတွက် သပ်ရပ်ညီညာ လှပသော မြက်ခင်းပြင်များ စီစဉ်စိုက်ပျိုးထားကြောင်း။

**လက်ခံကျင်းပမည်**

ဤကဲ့သို့ နိုင်ငံတကာအဆင့်မီ လိုအပ်ချက်များကို ပြည့်စုံအောင် ဖြည့်ဆည်းတည်ဆောက်ထားသည့်အတွက် နိုင်ငံတကာအဆင့် ညီလာခံများ၊ နိုင်ငံတကာအဆင့် ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ဤခန်းမကြီးမှာ လက်ခံကျင်းပ ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

ထို့အပြင် နိုင်ငံတကာအဆင့် ကုန်စည်ပြပွဲများကိုလည်း အဆင့်မီမီ လက်ခံကျင်းပနိုင်မှာဖြစ်ပြီး အဆောက်အအုံအတွင်းနှင့် အပြင်နေရာများမှာပါ ကုန်ပစ္စည်းများ၊ မော်တော်ယာဉ်၊ စက်ယန္တရားများကို ခင်းကျင်းပြသနိုင်သည့် အခြေအနေများကို ထည့်သွင်းတည်ဆောက်ထားကြောင်း။



**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ (၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ဖွင့်လှစ်သည့် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ Myanmar Convention Centre ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

မြို့တော်သူ၊ မြို့တော်သားများ အေးချမ်းသာယာစွာ အပန်းဖြေ နားနေနိုင်ရေးအတွက် တေးဂီတ ဖျော်ဖြေပွဲအခမ်းအနားများ၊ ဧည့်ခံပွဲ အခမ်းအနားများကိုလည်း In Door နှင့် Out Door ပုံစံနှစ်မျိုးလုံး ကျင်းပနိုင်အောင် လိုအပ်ချက်များ ဖြည့်ဆည်းထားကြောင်း။

**ခေတ်မီအဆောက်အအုံ**

ဤမြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီးမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ပွဲဦးထွက် တည်ဆောက်ခဲ့သော ကြီးမားခံ့ထည်သည့် ခေတ်မီအဆောက်အအုံကြီး ဖြစ်သည်နှင့်အညီ ဤမြန်မာကွန်ဗင်းရှင်းစင်တာကြီးမှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွက် အစဉ်ထာဝရ ဂုဏ်ယူနေရမည့် သမိုင်းမှတ်တိုင် တစ်ခုအဖြစ် တည်ရှိနေတော့မှာဖြစ်ကြောင်း။

မြန်မာကွန်ဗင်းရှင်းစင်တာကြီးကို နိုင်ငံတကာအဆင့်မီ ခေတ်မီ ခံ့ညားထည်ဝါသည့် အဆောက်အအုံကြီးအဖြစ် ပေါ်ထွန်းလာစေရေးအတွက် အမြဲမပြတ် အနီးကပ်ကြီးကြပ်လမ်းညွှန် စောင့်ရှောက်ပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကိုလည်း အထူးပင် ကျေးဇူးတင်ရှိပါသည်ဟု တင်ပြလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ရည်မှန်းချက် လုပ်ငန်းတာဝန်များအနေဖြင့်—

- **ရန်ကုန်မြို့တော်ကြီးကို စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ ငွေကြေးနှင့်ဘဏ်လုပ်ငန်းများ၊ ရုံးဌာနနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ အခြေစိုက်နိုင်သော ခေတ်မီမြို့တော်အင်္ဂါရပ်များနှင့် ညီညွတ်ပြီး သစ်လွင်တောက်ပကျက်သရေရှိသည့် နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် မြို့တော်ကြီးဖြစ်အောင် ဆောင်ရွက်ရန်၊**
- **မြို့တော်နေပြည်သူများအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ကူးသန်းသွားလာရေး၊ ရောင်းဝယ်ဖောက်ကားရေး၊ အပန်းဖြေအနားယူရေး စသော လူမှုစီးပွားရေး လိုအပ်ချက်များကို အဘက်ဘက်က ဖြည့်ဆည်းနိုင်မည့် မြို့တော်ကြီးဖြစ်အောင် ဆောင်ရွက်ရန်၊**
- **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍစုံတွင် အလွန်အရေးပါသော အဖွဲ့အစည်းတစ်ရပ်ဖြစ်သည်ဟု တာဝန်ရှိသူအားလုံးက ခံယူပြီး ကော်မတီ၏ ရည်မှန်းချက်တာဝန်များ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားရန်**

ဆိုသည့် ရည်မှန်းချက်တာဝန်များကိုလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လိုက်နာအကောင်အထည်ဖော်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သော မြန်မာကွန်ဗင်းရှင်းစင်တာ အဆောက်အအုံကြီး အောင်မြင်ချောမွေ့စွာ တည်ဆောက်ပြီးစီးရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းလိုအပ်ချက်များ၊ မူဝါဒဆိုင်ရာ ဆောင်ရွက်ချက်များကို ကိုယ်တိုင်စစ်ဆေးကြပ်မတ်ခြင်း၊ လမ်းညွှန်မှု ချမှတ်ပေးခဲ့သော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား အမှူးပြု၍ အဘက်ဘက်က ပံ့ပိုးကူညီပေးခဲ့သည့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများအား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် Myanmar Convention Centre ရှိ ခန်းမကြီးနှင့် အရန်အစည်းအဝေးခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၇-၃-၂၀၀၄ (စနေနေ့)**

**၁၃၆၅ ခုနှစ်၊ တန်ခူးလဆန်း (၇)ရက် (အဖိတ်နေ့)**

**နံနက်ပိုင်း**

၆:၀၀ ၁။ **(၅၉)နှစ်မြောက်တပ်မတော်နေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်**
၈:၃၀ ၂။ နံနက်ခင်းသတင်း
၈:၄၀ ၃။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၅၀ ၄။ International News.
၉:၀၀ ၅။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြားပြည်တွင်း သတင်းစဉ်
၁:၂၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နက်ရှိုင်းမေတ္တာ (အပိုင်း-၂၇)**
၁:၅၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၀၅ ၇။ **ရုပ်မြင်သံကြားဇာတ်လမ်း အမြင် (မင်းသူ၊ ခိုင်နှင်းဝေ၊ ဇာညီစိမ့်) (ဒါရိုက်တာ-သက်တင်)**
၂:၄၅ ၈။ International News.
၃:၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ EnglishforEverdayUse.
၄:၄၅ ၄။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒအထူးပြုများ) (သင်္ချာ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ **ကုသမနေးတီဘီအေား (ရာဇာနေဝင်း၊ သုမောင်၊ ညီရော်၊ မတူး) (ဒါရိုက်တာ-ပန်းချီစိုးမိုး)**
၅:၄၀ ၈။ တေးဂီတအစီအစဉ်
၅:၅၀ ၉။ စလင်းရေလှောင်တမံ
၆:၀၀ ၁၀။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၆:၁၅ ၁၁။ စားကြမယ်ဟော့ကောင်းကောင်း
၆:၃၀ ၁၂။ ညနေခင်းသတင်း
၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၄။ Discovery.
၇:၁၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ မိုးမြေဆုံးစေတော့ကွယ် (အပိုင်း-၃၀)**
၇:၃၅ ၁၆။ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးဂုဏ်ပြုအစီအစဉ်(၂)
၇:၄၅ ၁၇။ "ပြည်သူ့အတွက်တပ်မတော်" -ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက် တပ်မတော်အစိုးရလက်တက် -တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည် (အထက-၂၊လသာကျောင်းသူများ) (လသာရတနာတေးဂီတအဖွဲ့)
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ရုပ်မြင်သံကြားဇာတ်လမ်း သူရဲကောင်းတို့ပျော်ရာမြေ (နေထက်လင်း၊ ရဝေအောင်၊ နဝရတ်) (ဒါရိုက်တာ-တင်သန်းဦး)**
၂၂။ (၅၉)နှစ်မြောက်တပ်မတော်နေ့ ရုပ်မြင်သံကြားဥာဏ်စမ်း ပဟေဠိပြိုင်ပွဲ (အခြေခံပညာအဆင့်)
၂၃။ နောက်တစ်နေ့အစီအစဉ်
၂၄။ အစီအစဉ်ပြီး၏။

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

**၂၇-၃-၂၀၀၄ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် "ဣန္ဒြေငါးပါးအင်အားညီမှု"**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၃၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
၄:၅၀ ၈။ မျိုးချစ်တပ်မတော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် - Correlation (စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွား)
၅:၃၀ ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မောင့်ရွှေနဖာစူး မယ့်ရွှေနဖူးစာ အပိုင်း(၁၈)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း သူရဲကောင်းတို့ပျော်ရာမြေ ဒါရိုက်တာ-တင်သန်းဦး သရုပ်ဆောင် - နေထက်လင်း၊ ရဝေအောင်၊ အောင်ပိုင်၊ နဝရတ်၊ ညီရော်၊ ရော၊ ကျော်ထူး**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

## အောင်ဆန်းစစ်ကြောင်းမှ မီးသတ်တပ်ဖွဲ့ဝင်များအတွက် ငါးများ ပေးအပ်လှူဒါန်း

**ရန်ကုန် မတ် ၂၆**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် (၅၉)နှစ်မြောက် တပ်မတော်နေ့တွင် အောင်ဆန်းစစ်ကြောင်းမှ ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ရှိုင်းဆောက်လုပ်ရေးကုမ္ပဏီမှ ငါးတန် ၆၅ ပိဿာကို ယမန်နေ့ နံနက်ပိုင်းတွင် တောင်ဥက္ကလာပ မြို့နယ် နယ်မြေခံတပ်ရင်းရှိ အောင်ဆန်းစစ်ကြောင်း တည်းခိုဆောင်သို့ လာရောက်လှူဒါန်းသည်။

(သတင်းစဉ်)




# အီရတ်အရပ်သားများ သေဆုံးမှု တိုးပွားသည်နှင့်အမျှ ကန်တို့အပေါ် အီရတ်တို့က ပိုပြီးအပြစ်တင်လာကြ

ဘဂ္ဂဒက် မတ် ၂၄

**အီရတ်နိုင်ငံရှိ အမေရိကန်တို့၏ဌာနချုပ်ကို တနင်္ဂနွေနေ့က ပစ်ခတ်လိုက်သည့် ဒုံးကျည်သည် ပစ်မှတ်ကို လွဲချော်သွားပြီး အီရတ် အရပ်သားနှစ်ဦး ထိမှန် သေဆုံးခဲ့ရသည်။ အီရတ်အရပ်သားများ သေဆုံးမှု တိုးပွားလာသည်နှင့်အမျှ အမေရိကန်တို့အပေါ် အီရတ်ပြည်သူတို့က ပိုပြီး အပြစ်တင်လာကြသည်။**

### ထိမှန်

ပစ်ခတ်လိုက်သည့် ဒုံးကျည်သည် ကားများနှင့် လူများ ပြည့်ကျပ်နေသည့်လမ်းပေါ် ကျရောက်သွားမှုကြောင့် အရပ်သားများကို ထိမှန်သွားခြင်းဖြစ်သည်။ ခုခံတိုက်ခိုက်ရေးသမားများ၏ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသည့် အီရတ်နိုင်ငံတွင် ပြည်သူပြည်သားများက အမေရိကန်တို့ကိုသာလျှင် အပြစ်မြင်နေကြသည်။

ပြီးခဲ့သည့် စနေနေ့က ကာဘာလာမြို့မှ ရဲစခန်းအနီး ကားဗုံးပေါက်ကွဲမှုသည် ရုပ်ပိုင်းဆိုင်ရာအရရော၊ စိတ်ပိုင်းဆိုင်ရာအရပါ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားစေခဲ့သည်။

### ယုတ္တိမရှိ

အီရတ် ပြန်လည်တည်ဆောက်ရေးအတွက် အမေရိကန်တို့က ဒေါ်လာ သန်းနှင့်ချီပြီး ပေးနေပါသည်ဆိုသည်မှာ ယုတ္တိမရှိနိုင်သော်လည်း အီရတ်နိုင်ငံတွင် ဆင်ခြင်မှုကင်းမဲ့စွာ သတ်ဖြတ်သေဆုံးရမှုများ ရှိနေသည်ဆိုသည်ကမူ အမှန်တကယ်ပင်ဖြစ်သည်။

အမေရိကန်တို့သည် အီရတ်တို့က ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပါဝင်ပတ်သက်နေသည့် လုံခြုံရေးပြဿနာကလည်း အလိုအပ်ဆုံးအခြေအနေတွင် ရှိနေပြီး တစ်နှစ်ကြာလာပြီးသည့်နောက် အီရတ်တို့ သေကျေပျက်စီးရမှုများသာ အထင်ကရဖြစ်နေသည်။

ယင်းကဲ့သို့သော အခြေအနေမျိုးများကြောင့် အမေရိကန်တို့ကို ဆန့်ကျင်မှုများ တိုးပွားလာနေသည်။

***စီအင်န်အင်န်။***



**မတ် ၂၃ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် နေအိမ် တစ်အိမ်ကို ဝင်ရောက်ရှာဖွေနေသည့် အမေရိကန်တပ်ဖွဲ့ဝင်များအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## ခုခံတိုက်ခိုက်ရေးသမားများပစ်ခတ်မှုကြောင့် အမေရိကန်နှင့်ပူးပေါင်းသူ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၁ ဦးသေဆုံး

ဘဂ္ဂဒက် (အီရတ်) မတ် ၂၅

**အီရတ် တိုက်ခိုက်ရေးသမားများက အီရတ်ရဲတပ်ဖွဲ့ဝင်နှင့် ရဲတပ်ဖွဲ့ဝင်သင်တန်းသား ၁၁ ဦးကို သီးခြား အရပ်ဒေသနှစ်ခုတွင် အင်္ဂါနေ့က ပစ်သတ်ခဲ့သည်။ ယင်းပစ်ခတ်မှုမှာ အမေရိကန် ဦးဆောင်သည့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးသမားနှင့် ပူးပေါင်းဆောင်ရွက်နေသည့် အီရတ်နိုင်ငံသားများအား မကြာသေးမီကမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။**

### ပစ်ခတ်တိုက်ခိုက်

**ဟီလာမြို့အနီး လုပ်ငန်းခွင်ဝင်ရောက်မည့် ရဲသင်တန်းသားများနှင့် အီရတ်ရဲတပ်ဖွဲ့ဝင်များအား သယ်ဆောင်လာသည့် ယာဉ်ငယ်တစ်စီးကို အနီရောင် အိုပယ်ကားပေါ်မှ လက်နက်ကိုင်များက ပစ်ခတ်ရာ ကားပေါ်လိုက်ပါလာသူ ကိုးဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရရဲတပ်ဖွဲ့ အကြီးအကဲ ဗိုလ်မှူးခါဒင်အစ်ဂျ်ဖီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ ၎င်းအချိန်နှင့် တစ်ချိန်တည်း နီးပါးလောက်ပင် ရေနံကြွယ်ဝသည့် ကယ်ကွတ်မြို့အနီး၌ ကားမောင်းရင်းပစ်ခတ်သွားမှုကြောင့် ရဲအရာရှိနှစ်ဦး သေဆုံးကာ အခြားနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။**

**မိုဆူးလ်မြို့တွင် အီရတ် စစ်အခြေစိုက်စခန်းကို စိန်ပြောင်းဖြင့် တိုက်ခိုက်မှုကြောင့် အီရတ် အရပ်သားနှစ်ဦး သေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသန္တရတာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။**

*အင်တာနက်။*

## အိန္ဒိယဆေးရုံတွင် အီရတ်ကလေးငယ်များ နှလုံးခွဲစိတ် ကုသမှုအောင်မြင်

ချင်းနိုင်း မတ် ၂၄

အိန္ဒိယနိုင်ငံတောင်ပိုင်း ချင်းနိုင်းမြို့ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ခက်ခဲရှုပ်ထွေးသော မွေးရာပါ နှလုံးရောဂါဝေဒနာရှင် အီရတ်ကလေးသူငယ် ၂၀ ဦးကို အခမဲ့ ခွဲစိတ်ကုသပေးခဲ့ရာ ယခုအခါ ပြန်လည်ကျန်းမာလာကြပြီဖြစ်၍ လာမည့် တနင်္ဂနွေနေ့တွင် ဆေးရုံဆင်းရန် အသင့်ဖြစ်နေပြီဖြစ်သည်။

### လက်ဆောင်ပစ္စည်းပေး

တမီးလ်ရုပ်ရှင်မင်းသား ကာမဲဟာဆန်နှင့် မင်းသမီး လက်ရှမီးတို့သည် အဆိုပါ နှလုံးရောဂါခွဲစိတ်ကုသရာ ဆေးရုံသို့ သီးခြားစီ သွားရောက်လည်ပတ်ခဲ့ကြပြီး ကလေးများနှင့် ၎င်းတို့၏ မိခင်များအား ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများပေးခဲ့ကြသည်။

### ခွဲစိတ်ကုသ

ယခုအခါတွင် အိန္ဒိယနိုင်ငံအတွက် ဂုဏ်ယူဖွယ်ကောင်းကြောင်း၊ အီရတ်ကလေးငယ်များ အားလုံးကို အောင်မြင်စွာ ခွဲစိတ်ကုသပေးပြီးနောက် ပုံမှန် အခြေအနေသို့ ရောက်နေကြပြီဖြစ်ကြောင်း အဆိုပါဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာကေအမ်ချီရီယန်က ပြောကြားသည်။ ၎င်းသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း နှလုံးဝေဒနာရှင် ၂၇၀၀၀ ကျော်တို့ကို ခွဲစိတ်ကုသပေးခဲ့သည်။

ခွဲစိတ်ကုသမှုခံယူခဲ့သော ကလေးငယ်များကို မတ် ၁ ရက်မှစ၍ တစ်နေ့လျှင် နှစ်ဦးစီ စတင်ခွဲစိတ်ခဲ့သည်။ အဆိုပါကလေးများသည် လွန်ခဲ့သော ၁၁ ရက်ခန့်မှစ၍ ပြန်လည်ကျန်းမာလာကြပြီဖြစ်သည်။

***အမ်အင်အေ၊ပီတီအိုင်။***

## မြွေများနှင့် အတူနေထိုင်မှု စံချိန်တင်သူ မြွေဟောက်ကိုက်၍ သေဆုံး

ဗန်ကောက် မတ် ၂၃

မှန်အိမ်ထဲတွင် လှောင်ထားသည့် မြွေများနှင့် အချိန်အကြာဆုံးနေနိုင်ခဲ့သည့် စံချိန်ဖြင့် ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်တွင် ဖော်ပြခြင်းခံခဲ့ရသော ထိုင်းနိုင်ငံမှ ဘွန်ရီယွန်ဘူအာချန်သည် နေ့စဉ်ပြသသည့် အလမ္မာယ်ပြပွဲတစ်ခုတွင် မြွေဟောက်ကိုက်ခံပြီး သေဆုံးခဲ့ကြောင်း ဆေးရုံတစ်ရုံမှ ဆရာဝန်တစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အသက် ၃၄ နှစ်ရှိ ဘွန်ရီယွန်အား မြွေလူသားဟု အများက ခေါ်ဆိုကြသည်။ ၎င်းသည် မြွေကိုက်သည့် ဒဏ်ရာဖြင့် သတိမေ့မြောကာ ၎င်း၏ မွေးရပ်မြေအနီးရှိ ပရိုင်ဘွန်ဆေးရုံသို့ အလျင်အမြန်ပို့ပေးခဲ့ရကြောင်း ဆရာဝန် ဝိပါပရိုင်ကျူအန်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဆေးရုံသို့ သယ်လာချိန်တွင် ၎င်းမှာ အသက်ရှူခြင်းမရှိ၊ နှလုံးခုန်လည်းရပ်သွားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ဘွန်ရီယွန်သည် မှန်သေတ္တာထဲတွင် မြွေများနှင့် ခုနစ်ရက်ကြာအတူ နေထိုင်ခဲ့သည့် စံချိန်ဖြင့် ဂင်းနစ် ကမ္ဘာ့စံချိန်မှတ်တမ်းစာအုပ်တွင် ၁၉၉၈ ခုနှစ်က မှတ်တမ်းတင်ထားခြင်းခံခဲ့ရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်နိုင်ငံတွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ၅၈၄ ဦး ရှိပြီ

ဘဂ္ဂဒက် မတ် ၂၅

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားကတည်းက သေဆုံးခဲ့သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေသည် ၅၈၄ ဦး ရှိပြီဖြစ်ကြောင်းဖြင့် ကာကွယ်ရေးဌာနက ပြောကြားသည်။

ယင်းတို့အနက်မှ တပ်ဖွဲ့ဝင် ၃၉၅ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၈၉ ဦးသည် အခြားသောအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း ၎င်းဌာနက ဆက်လက်ပြောကြားသည်။

ဗြိတိန်စစ်ဘက်က တပ်ဖွဲ့ဝင် ၅၈ ဦး၊ အီတလီက ၁၇ ဦး၊ စပိန်က ရှစ်ဦး၊ ဘူဂေးရီးယားကငါးဦး၊ ယူကရိန်းက သုံးဦးနှင့် ဒိန်းမတ်၊ အက်စ်တိုးနီးယားနှင့် ပိုလန်တို့က တစ်ဦးစီ သေဆုံးခဲ့ကြောင်းဖော်ပြသည်။

အီရတ်နိုင်ငံတွင် အဓိကတိုက်ခိုက်မှုများ အဆုံးသတ်သွားပြီဖြစ်ကြောင်း သမ္မတဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် ကြေညာပြီးခဲ့သည့်နောက် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၄၄၅ ဦးဖြစ်သည်။ ၂၈၀ ဦးသည် တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ၁၆၅ ဦးသည် အခြားအကြောင်းများကြောင့် သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားခဲ့ကတည်းက တိုက်ခိုက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၈၂၀ ဖြစ်ပြီး အခြားအကြောင်းများကြောင့် ထိခိုက်ဒဏ်ရာရရှိသည့် ဦးရေသည် ၄၃၄ ဦးဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။ ***အင်တာနက်။***

**မတ် ၂၄ ရက်က ဘဂ္ဂဒက်မြို့လယ်ရှိ ရှယ်ရတန်ဟိုတယ် ဒုံးကျည်ထိမှန်သည့်နေရာကို စစ်ဆေးနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*



## ဘဂ္ဂဒက်မြို့လယ် ရှယ်ရတန်ဟိုတယ် ဒုံးကျည်ထိမှန်

ဘဂ္ဂဒက် မတ် ၂၅

နိုင်ငံခြားသား ကန်ထရိုက်လုပ်ငန်းရှင်များနှင့် သတင်းစာဆရာများတည်းခိုသည့် ဘဂ္ဂဒက်မြို့လယ်မှ ရှယ်ရတန်ဟိုတယ်ကို ပြောက်ကျားများက ဒုံးကျည်နှင့်ပစ်ခတ်ရာ ဟိုတယ်အဆောက်အအုံ အနည်းငယ်ပျက်စီးသွားသည်။

အဆိုပါဟိုတယ်၏ ခြောက်ထပ်တွင် ဒုံးကျည်ထိမှန်ထားသည့် အထောက်အထားတွေ့ရှိရကြောင်း ယင်းဟိုတယ်တွင် တည်းခိုသူဧည့်သည်တစ်ဦးက ပြောသည်။ ပြင်းထန်သောပေါက်ကွဲမှုကြောင့် ဟိုတယ်မှန်အချို့ ကွဲကုန်ပြီး ကွန်ကရစ်များ ကြေမွသွားသည်။ ယင်းပေါက်ကွဲမှုကြောင့် ဟိုတယ်အတွင်းရှိ အိပ်ရာတွင် အိပ်နေသူများနှင့် ဟိုတယ်အနီးအပါး ပတ်ဝန်းကျင်နေထိုင်သူများ တုန်ခါကုန်ကြသည်။

အီရတ်ရဲတပ်ဖွဲ့နှင့် အမေရိကန်စစ်ဘက်က ဟိုတယ် အပြင်ဘက်တွင် အကာအကွယ်အတားအဆီး ချထားလျက်ရှိသည်။ နိုင်ငံခြားသားများ တည်းခိုတတ်သည့် ပါလက်စတိုင်းဟိုတယ်နှင့် ရှာရေတန်ဟိုတယ်တို့မှာ ယခင်က ကြိမ်ဖန်များစွာ အတိုက်ခိုက်ခံခဲ့ရသည်။ ***အင်တာနက်။***

# အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များ၏ ကျူးကျော်သိမ်းပိုက်မှုအောက်မှ အီရတ်မြင်ကွင်း

## အမေရိကန်တို့ ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးရမှု

အီရတ်ပြည်သူတို့သည် အမေရိကန်နှင့် အပေါင်းပါတို့၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် အချုပ်အခြာအာဏာဆုံးရှုံးခဲ့ရပြီး ဒုက္ခပင်လယ်ဝေကာ အားကိုးရာမဲ့အခြေအနေကို ရင်ဆိုင်နေကြရသည်။ ကမ္ဘာ့နိုင်ငံများသည် စစ်ကြောင့်ပျက်စီးနေသော အီရတ်နိုင်ငံ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးနှင့် ပတ်သက်၍ အီရတ်ပြည်သူလူထုအတွက် စိုးရိမ်ပူပန်လျက်ရှိသည်။ ကျူးကျော်စစ်ကြောင့် အပြစ်မဲ့ကလေးငယ်များအပါအဝင် အီရတ်ပြည်သူများသေဆုံးခဲ့ရပြီး အဆောက်အအုံများနှင့် စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးခဲ့ရသည့်အပြင် ယဉ်ကျေးမှု အမွေအနှစ်များမှာလည်း လုယက်ခိုးယူမှုများကြောင့် ဆုံးရှုံးခဲ့ရသည်။



မတ် ၂၄ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန် တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများအကြား အပြန်အလှန် ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီးနောက် နေအိမ်ပျက်စီးနေပုံကို ကလေးငယ် တစ်ဦးက ပြသနေစဉ်။

### အမေရိကန်တို့ ကျူးကျော်စစ်ကြောင့် အီရတ်ပြည်သူများ ထိခိုက်နစ်နာဆုံးရှုံးရမှုများ

| ဖြစ်စဉ် | ဆုံးရှုံးရမှု |
|---|---|
| ကလပ်စတာဗုံးကြောင့် သေဆုံးမှုများ | ၂၇၉ ဦး |
| ၂၀၀၃ မတ်လမှ ၂၀၀၄ မတ်လအထိ ကလေးငယ်များ သေဆုံးမှု | ၉၃ ဦး |
| ၂၀၀၃မတ်လမှ ၂၀၀၄ မတ်လအထိ လေကြောင်းတိုက်ခိုက်မှုကြောင့် အီရတ်တို့သေဆုံးမှု | ၁၁၈၇ ဦး |
| အမေရိကန်နှင့် အပေါင်းပါတပ်များ၏ မဆင်မခြင်ပစ်ခတ်မှုကြောင့် အီရတ်တို့ သေဆုံးမှု | ၂၁၂ ဦး |
| ၂၀၀၃ မတ်လမှ ၂၀၀၄ မတ်လအထိ အီရတ်တို့ သေဆုံးမှု | ၁၀၆၁၈ ဦး |
| အီရတ်စစ်ပွဲကာလအတွင်း အီရတ်တပ်ဖွဲ့ဝင်များ သေဆုံးမှု | ၁၀၀၀၀ ခန့် |
| စစ်ကြောင့် အဆောက်အအုံများ ပျက်စီးရမှု တန်ဖိုး | ဒေါ်လာ သန်း ၄၉၁၀၀ |
| အီရတ်ရှေးဟောင်းသမိုင်းပြတိုက်ကြီးမှ ရှေးဟောင်းလက်ရာပစ္စည်း အခိုးခံရမှုတန်ဖိုး | ဒေါ်လာ သန်း ၇၀၀၀ခန့် |

အီရတ်စစ်ပွဲ ကာလအတွင်း ရှေးဟောင်းလက်ရာပစ္စည်းများ ခိုးယူခံရခြင်းနှင့် ပျက်စီးခြင်းများဖြစ်ပေါ်ခဲ့သည်။ မြို့တော်ဘဂ္ဂဒက်ရှိ အမျိုးသားပြတိုက်ကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



မတ် ၁၅ရက်က ခုခံတိုက်ခိုက်မှု တစ်ရပ်အတွင်း ဒဏ်ရာရရှိခဲ့သော အီရတ်အမျိုးသားတစ်ဦးကို မြို့တော် ဘဂ္ဂဒက်ရှိ ယာမွတ်ဆေးရုံမှ ဆရာဝန်များက ဆေးဝါးကုသပေးနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)






အမေရိကန် ဦးဆောင်သော တပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုအတွင်း ပျက်စီးခဲ့ရသော အီရတ်တင့်ကားတစ်စီးကို မြို့တော် ဘဂ္ဂဒက် ဆင်ခြေဖုံးကျေးလက်ဒေသတွင် မတ် ၁၆ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)





မတ် ၂၆ရက်က အီရတ်တောင်ပိုင်း ဘာဆရာမြို့မှ ပင်လယ်ကွေ့ရှိ ဖောကျွန်းဆွယ်သို့ ဆက်သွယ်ထားသော ရေနံပိုက်လိုင်းတစ်လိုင်း မီးလောင်ကျွမ်းနေသည်ကို တွေ့ရစဉ်။

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့အကျိုးစီးပွားကို ထာဝစဉ်သယ်ပိုးဆောင်ရွက်နေသည့် တပ်မတော်

## (၅၉)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဓာတ်ပုံမှတ်တမ်း

### တပ်မတော်နှင့်ပြည်သူပူးပေါင်းဖောက်လုပ်ခဲ့သော ရထားလမ်းများ

| စဉ် | အကြောင်းအရာ | ၁၉၈၈ | (တိုးချဲ့လမ်းသစ်) | ၂၀၀၄ |
|---|---|---|---|---|
| ၁။ | ရထားလမ်းခရီးမိုင်ရှည် | ၁၇၉၆.၃၅ | ၁၀၂၂.၀၁ | ၂၉၉၈.၃၆ |
| ၂။ | သံလမ်းမိုင် | ၂၇၉၆ | ၁၁၁၃ | ၃၉၀၆ |
| ၃။ | ဖောက်လုပ်ဆဲရထားလမ်းမိုင် | | | ၁၄၅ |
| ၄။ | ဆောင်ရွက်ဆဲရထားလမ်းမိုင် | | | ၅၁၅.၀၅ |



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန် – ပွန်ချောင်း ရထားလမ်း ဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် တပ်မတော်သားများ ဤသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်က တာဝန်ယူတည်ဆောက်ခဲ့ပြီး (၃-၁-၂၀၀၄)ရက်က ဖွင့်လှစ်ခဲ့သော စစ်ကိုင်းတိုင်း မုံရွာခရိုင် ကနီမြို့နယ် မုံရွာ–ယာကြီး–ကလေးဝလမ်းသစ် မိုင်တိုင်အမှတ်(၅၇)ရှိ ပုထိုးလုံးတံတားကို တွေ့ရစဉ်။





ရပ်စောက်–ကျောက်ဂူ– တောင်ခမ်း–နောင်ချိုကား လမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်တွင် တပ်မတော်သားများ ဤသို့ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

### တပ်မတော်ကတည်ဆောက်ခဲ့သည့်တံတားများ

| စဉ် | အမည် | တည်နေရာ | အရှည်ပေ | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ပသောင်းတံတား | မြိတ်မြို့နယ် | ၈၁၀ | ဖွင့်လှစ်ပြီး |
| ၂။ | ဒေါလန်းတံတား | လှိုင်းဘွဲမြို့နယ် | ၁၀၀၀ | ။ |
| ၃။ | ငမိုးရိပ်တံတား | ရန်ကုန်မြို့ | ၆၆၀ | ။ |
| ၄။ | ပုထိုးလုံးတံတား | ကနီမြို့နယ် | ၄၅၀ | ။ |
| ၅။ | လပင်တံတား | ကလေးဝမြို့နယ် | ၂၂၀ | ။ |
| ၆။ | တိန်းတံတား | မင်းကင်းမြို့နယ် | ၃၆၀ | တည်ဆောက်ပြီး |
| ၇။ | မြို့မတံတား | ကနီမြို့နယ် | ၅၄၀ | ။ |
| ၈။ | ရှုံးပင်တံတား | လယ်ဝေးမြို့နယ် | ၂၇၀ | တည်ဆောက်ဆဲ |
| ၉။ | အဆုံချောင်း | တပ်ကုန်းမြို့နယ် | ၁၉၀ | ။ |
| ၁၀။ | ငလိုက်ချောင်းတံတား | ပျဉ်းမနားမြို့နယ် | ၃၀၀ | ။ |
| ၁၁။ | ဆင်သေချောင်းတံတား | ပျဉ်းမနားမြို့နယ် | ၂၁၀ | ။ |

### တပ်မတော်နှင့်ပြည်သူတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့သည့် ဆည်တမံများ

| စဉ် | ဆည်တမံများ | မြို့နယ် | အကျိုးပြုဧက |
|---|---|---|---|
| ၁။ | ရဟိုင်းကွင်းရေလှောင်တမံ | ဝမြို့နယ် | ၆၂၅ |
| ၂။ | ကွမ်းခြံကုန်းရေထိန်းတံခါး | ကွမ်းခြံကုန်းမြို့နယ် | ၂၁၄၀၀ |
| ၃။ | သဲတောရေလှောင်တမံ | လက်ပံတန်းမြို့နယ် | ၁၂၀၀၀ |
| ၄။ | သစ်တက်ကုန်းရေလွှဲဆည် | မြစ်သားမြို့နယ် | ၅၀၀၀ |
| ၅။ | ကြက်မောက်လယ်တီရေထိန်းတမံ | မြိုင်မြို့နယ် | ၁၂၀၀ |
| ၆။ | ပုန်းမကြည်ရေလှောင်တမံ | မလှိုင်မြို့နယ် | ၅၀၀ |
| ၇။ | မြို့သာရေလှောင်တမံ | ငါန်းဇွန်မြို့နယ် | ၁၅၀၀ |
| ၈။ | နန်ကသူရေလှောင်တမံ | အင်ပူမြို့နယ် | ၁၄၀၀၀ |
| ၉။ | မိုးမခရေထိန်းတံခါး | တွံတေးမြို့နယ် | ၄၀၀၀၀ |

### တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းဖောက်လုပ်ခဲ့သည့်လမ်းများ

| စဉ်။ | ပြည်နယ်/တိုင်း | မော်တော်ကားလမ်း |
|---|---|---|
| ၁။ | ရန်ကုန်တိုင်း | တိုက်ကြီး–ဖူးကြီး–ဖောင်ကြီးလမ်း<br>ရန်ကုန်–ပဲခူးခြောက်လမ်းသွားလမ်း |
| ၂။ | ရှမ်းပြည်နယ် | တာကော်–မိုင်းပျင်း–ကျိုင်းတုံလမ်း<br>ကျိုင်းတုံ–တာချီလိတ်လမ်း၊<br>ရပ်စောက်–ကျောက်ဂူ–နောင်ချို၊<br>လားရှိုး–မူဆယ်၊ ခိုလမ်–ကျိုင်းတောင်းလမ်း၊<br>မိုးနဲ–ကျိုင်းတောင်းလမ်း၊<br>မိုင်းပန်–ကျိုင်းတောင်းလမ်း |
| ၃။ | ဧရာဝတီတိုင်း | ပုသိမ်–သလပ်ခွာ–မော်တင်စွန်း၊ ပုသိမ်–သလပ်ခွာ–ငွေဆောင်လမ်း၊ တာကွေ့–ကဇုန်း၊<br>မအူပင်–ဆားမလောက် |
| ၄။ | ကချင်ပြည်နယ် | မြစ်ကြီးနား–ဆွမ်ပရာဘွမ်–ပူတာအို၊<br>တနိုင်း–နန်းယွန်း |
| ၅။ | ကယားပြည်နယ် | ဖားဆောင်း–ခဲမဖြူ–ထီးထ–စောထ |
| ၆။ | ကရင်ပြည်နယ် | ကော့ကျိုက်–ကော့ပရံ–ဇာသပြင်၊<br>ဘောကလိကြီး–မော်ချီး၊<br>ဝါးဘိုးတော–ကမမောင်း၊ ဖာပွန်–ကမမောင်း |
| ၇။ | မကွေးတိုင်း | မကွေး–တောင်တွင်းကြီး၊ ပုသိမ်–မုံရွာ၊<br>ဂန့်ဂေါ–ရေမျက်နီ၊ သရက်–မင်းတုန်း၊<br>နတ်ချောင်း–ဂန့်ဂေါ၊ ပခုက္ကူ–ကျွန်းချောင်း–ဆိပ်ဖြူလမ်း၊ ပခုက္ကူ–မင်းရွာ၊<br>ပခုက္ကူ–မြို့စိုး–ဇီးပြား၊ အောင်လံ–ဆတ်သွား |
| ၈။ | စစ်ကိုင်းတိုင်း | ဘုတလင်–ကလေးဝ–တမူး၊ ရေဦး–ခင်ဦး၊<br>သက္ကယ်ကျင်း–ဖောင်းပြင်–ခန္တီး၊<br>ကလေး–နတ်ချောင်း၊ ကလေး–ကျီကုန်းလမ်း၊<br>နတ်ချောင်း–ဂန့်ဂေါ၊ လေရှီး–ပန်ဆပ်–ဆွမ်ပရာဘွမ်၊ လဟယ်–ယမ်းကျုံးလမ်း၊<br>လဟယ်–ဆော့လော်–ပုံညိုလမ်း၊<br>လောင်ငေါင်–အရီးကျိန်လမ်း၊<br>မော်လိုက်–ပြောင်ဘုတ်–စော်ဘွား–ရေရှင်၊<br>ပုံညို–စပ်ဖောင်–အရီးကျိန်လမ်း၊<br>အရီးကျိန်–တန်ပါခွေလမ်း၊<br>ပုံညို–ကျွန်းဆောင်–အရီးကျိန်လမ်း |
| ၉။ | ရခိုင်ပြည်နယ် | ရန်ကုန်–စစ်တွေ |
| ၁၀။ | မွန်ပြည်နယ် | သိမ်ဆိပ်၊ သံဖြူဇရပ်–ဘုရားသုံးဆူလမ်း၊<br>ဝိဃော–လေးကေလမ်း၊ |
| ၁၁။ | တနင်္သာရီတိုင်း | တနင်္သာရီ–တောင်ဖရု–မဏ္ဍိုင်လမ်း၊<br>လေညာ–ဘုတ်ပြင်းလမ်း၊ |
| ၁၂။ | မန္တလေးတိုင်း | ပုဂံ–ညောင်ဦး–မြင်းခြံလမ်း၊<br>ပုသိမ်ကြီး–ပြင်ဦးလွင်လမ်း၊ |
| ၁၃။ | ချင်းပြည်နယ် | တီးတိန်–တွန်းဇံ–ကျီခါးလမ်း၊<br>ထန်တလန်–လုံလဲကားလမ်း |

ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်တွင် တပ်မတော်နှင့် ပြည်သူတို့ ပူးပေါင်းတည်ဆောက်ခဲ့သော ကွမ်းခြံကုန်း ရေထိန်းတံခါးသည် စိုက်ပျိုးမြေဧက ၂၁၄၀၀ခန့်ကို မိုးရာသီ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေး လျက်ရှိသည်။



# ခေတ်အဆက်ဆက် ပြည်သူ့အတွက် တပ်မတော်



(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါးများ၊ (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့အကြိုဂုဏ်ပြုဆောင်းပါးများကို ကလောင်ရှင်များစွာက သမိုင်းကြောင်း အကိုးအထောက်များဖြင့် ရေးသားသွားကြရာတွင် မြန်မာတိုင်းရင်းသားများသည် သူ့ကျွန်မခံစိတ်ဓာတ်ဖြင့်အရေးကြီးလျှင် သွေးနီးခဲ့ပုံများကို ၁၈၂၄ခုနှစ် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ၊ ၁၈၈၅ ခုနှစ် တတိယ အင်္ဂလိပ်-မြန်မာစစ်ပွဲ များနှင့် ၁၈၈၅မှ၁၉၀၀ ပြည့်လွန်နှစ်များအထိ နယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ခဲ့သော တိုက်ပွဲများတွင် တွေ့ရပုံတို့ကို ရေးသားခဲ့ကြသည်။

ထိုတိုက်ပွဲများတွင် တောင်ပေါ်ဒေသမှတိုင်းရင်းသားလူမျိုးတိုင်း၊ မြေပြန့်ဒေသမှ တိုင်းရင်းသားတိုင်း၏သတ္တိခွဲ၊ ဇာတိမာန်၊ စည်းလုံးညီညွတ်မှု၊ စစ်ရည်စစ်သွေးထက်မြက်မှုကို နယ်ချဲ့တို့ အံ့သြတုန်လှုပ်ခဲ့ရသည်။ နေရာများစွာ၌ နယ်ချဲ့တပ်များ တိုက်ခိုက်ခံရသည်။ ထို့ကြောင့် တစ်ဖက်တွင် တိုင်းရင်းသားမျိုးချစ်ခုခံရေးသမားများ ရိုက္ခာပြတ်စေရန် စားနပ်ရိက္ခာ မှန်သမျှဖျက်ဆီးသည်။ တစ်ဖက်တွင် ထိုတိုင်းရင်းသားမျိုးချစ်များကို ရာထူး၊ စည်းစိမ်၊ ငွေကြေး မက်လုံးပေး၍ ဖြားယောင်းသည်။ တိုင်းရင်းသားမျိုးချစ်ချင်း သွေးကွဲစေရန် သွေးခွဲသည်။ သွေးဆောင်ရာ၌ ထင်တိုင်းမပေါက်သောအခါ နယ်ချဲ့တို့သည် မင်းကြီးရွှေလရောင်ဘွဲ့ခံ ဗိုလ်မင်းရောင်၊ ဗိုလ်ချို စသည့် မျိုးချစ်များကို ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ ရှမ်းတောင်တန်း မှ ရှမ်း၊ ကယား၊ 'ဝ'၊ ကချင်တောင်တန်းမှ ကချင်၊ ချင်းတောင်တန်းမှ ချင်းတိုင်းရင်းသားမျိုးချစ်များကို အလားတူ သိမ်းသွင်းသည်။ အခွင့်အရေး မက်လုံးပေးသော်လည်း မြန်မာတို့ခေါင်းခါပြခဲ့သည်။

ထင်ရှားသော ဖြစ်ရပ်တစ်ခု ၁၈၈၈ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်နေ့က ကလေးမြို့တွင် ဖြစ်ပွားခဲ့သည်။ မြောက်ပိုင်းချင်းတောင်မှ ချင်းတိုင်းရင်းသားခေါင်းဆောင်များအား ကလေးမြို့သို့ဖိတ်ကြားပြီး နယ်ချဲ့ ဗြိတိသျှတို့က ပျော်ပွဲရွှင်ပွဲများ၊ စားသောက်ပွဲများဖြင့် ညှို့ခံသည်။ ချင်းတိုင်းရင်းသားများ၏ ခုခံရေး တိုက်ပွဲများရပ်ဆိုင်းပြီး ဗြိတိသျှတို့အောက် အသာတကြည်ဝင်ရန် အခွင့်အရေးပြ သိမ်းသွင်းသည်။ ချင်းတိုင်းရင်းသားမျိုးချစ်တို့က ခေါင်းခါပြသည်။ ထိုအခါ ဗြိတိသျှတပ်က ချင်းတိုင်းရင်းသားခေါင်းဆောင်အား ကြောက်လန့်သွား စေရန် ကိုက် ၅၀၀ (ပေ ၁၅၀၀)ဝေးသော ပစ်ကွင်းသို့ အမြောက်ကြီးများဖြင့် ကျည်ကုန်အောင် ပစ်ပြသည်။ ထိုသို့ ခြောက်လှန့်ပြသည့်တိုင် ချင်းတိုင်းရင်းသားခေါင်းဆောင်တို့က ဦးခေါင်းများကို ပို၍ယမ်းခါပြလိုက်ကြသည်။ "မည်သူချော့ချော့ ဒို့မပျော့"၊ "မည်သူ ခြောက်ခြောက် ဒို့မကြောက်"၊ "မည်သူခွဲခွဲ ဒို့မကွဲ"ဟူသော ထိုစဉ်ကသွေးချင်းသားရင်းတိုင်းရင်းသား သတ္တိခဲတို့၏ ကြွေးကြော်သံသည် ယနေ့ခေတ်တိုင် ပြည်ထောင်စုအနှံ့ ပဲ့တင်ထပ်နေဆဲ ဖြစ်ပေသည်။

လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက် မြန်မာတို့အား နည်းမျိုးစုံဖြင့် သွေးခွဲကြည့်၏။ နှစ်ပေါင်း ၁၀၀ တိုင် ငွေကုန်၊ လူပင်ပန်းခံပြီး နယ်ချဲ့တို့ သွေးခွဲ၏။ ကမ္ဘာတွင် သွေးခွဲဗေဒပါရဂူမြောက်သော နယ်ချဲ့တို့သည် ပင်လုံညီလာခံမှ မြန်မာတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကို လက်လျှော့သွားခဲ့ကြရသည်။ မြန်မာတို့၏ သွေးခွဲမခံသော ညီညွတ်ရေး စိတ်ဓာတ်ကို မှတ်ကျောက်တင်လိုက်သည်ကား လွတ်လပ်ရေးပြန်လည်ရရှိသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ ဖြစ်ပေသည်။

လွတ်လပ်ရေးတိုက်ပွဲဝင် ကာလ၌ နယ်ချဲ့တို့ထံမှ မြန်မာ့လွတ်လပ်ရေးကို နှလုံးရည်ဖြင့် တောင်းရခက်လာလျှင် လက်နက်ကိုင်တိုက်ယူရန် လူငယ် ၃၀တို့ ရဲဘော်သုံးကျိပ်ဖွဲ့ကာ စစ်ပညာဆည်းပူးခဲ့သည်။ ထို့နောက် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းခဲ့သည်။ ဘီအိုင်အေဟု လူသိများသော၊ တိုင်းရင်းသားလူထုလူတန်းစားစုံတို့ အလွှာစုံပါဝင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဗြိတိသျှ နယ်ချဲ့တို့အား မြန်မာ့မြေပေါ်မှ တိုက်ထုတ်ခဲ့သည်။

ဖက်ဆစ်တို့သည် မြန်မာတစ်နိုင်ငံလုံးကို သိမ်းပိုက်မိသောအခါ မျိုးချစ်လူငယ် ငါးသောင်းခန့်ပါဝင်စစ်မှုထမ်းနေသည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စိုးရိမ်လာသည်။ အခွင့်အရေးရလျှင် မိမိတို့ကို တွန်းလှန်လိမ့်မည်ဟု စိုးရိမ်ပြီး ဗမာ့လွတ်လပ်ရေးတပ်မတော် ဖျက်သိမ်းသင့်၊ မဖျက်သိမ်းသင့် စစ်ဘက်အရာရှိကြီးများ ဆွေးနွေးခဲ့ကြသည်။

နောက်ဆုံးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းပြီး လူအင်အား ၃၀၀၀ မှ ၅၀၀၀ အထိ လျှော့ချကာ ဗမာ့ကာကွယ်ရေး တပ်မတော်-ဘီဒီအေ အဖြစ်ပြောင်းလဲဖွဲ့ခဲ့သည်။ ဗမာ့လွတ်လပ်ရေး တပ်မတော်ကို မြန်မာတစ်နိုင်ငံလုံးမှ ပြည်သူလူထုက တစ်ခဲနက် ထောက်ခံအားပေးလာခြင်းကြောင့် ဖက်ဆစ်တို့က တပ်မတော်ကို ဖြိုခွဲပစ်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ အမျိုးသားရေး စိတ်ဓာတ်နှင့် သတ္တိပြောင်လှသော၊ စည်းလုံးညီညွတ် တက်ကြွ၊ ထက်မြက်လှသော တပ်မတော်ကို ဖက်ဆစ်ဝါဒီ ကျူးကျော်ရေးသမားများက မလိုမလားဖြစ်ကာ ဖြိုခွဲခဲ့သော ဥဒါဟရဏ်တစ်ခု ဖြစ်ပေသည်။

၁၉၄၂ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့တွင် ဖက်ဆစ်တို့က ဘီဒီအေဖွဲ့စည်းပုံလမ်းညွှန်ချက် ထုတ်ပြန်ရာ၌ ဘီဒီအေကို ဂျပန်တပ်တော်မှူး၏ ကွပ်ကဲမှုအောက်တွင် ထားရှိရမည်ဟူသော စာပိုဒ်များ နှစ်နေရာတွင် ထည့်သွင်းဖော်ပြကာ တပ်မတော်ကို ချုပ်ချယ်ခဲ့သည်။

ထိုခေတ် ထိုအခါက ကမ္ဘာမြေပြင်၏ ရာခိုင်နှုန်း ၈၀ ခန့်သည် နယ်ချဲ့ဒါဇင်ဝက်ခန့်၏ လက်အောက်ကျရောက်နေရာ နိုင်ငံတိုင်းကိုနယ်ချဲ့တို့ကသာ ခြယ်လှယ်နေခဲ့သည်။ ဗြိတိသျှနယ်ချဲ့တပ်များကို ရှုပ်ရှုပ်ချွချွမောင်းထုတ် နိုင်ခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖက်ဆစ်တို့က စိုးရိမ်ကြောက်လန့်မှုဖြင့် အင်အားချည့်နဲ့အောင် ဖျက်သိမ်းပြီး အင်အားလျှော့ချဖွဲ့ခဲ့ခြင်းဖြစ်သည်။

အလားတူပင် မြန်မာနိုင်ငံကို စစ်အုပ်ချုပ်ရေးဖြင့် ပြန်ဝင်လာသော ဗြိတိသျှတို့သည်လည်း ၁၉၄၂ ခုနှစ်ဦးပိုင်းက ၎င်းတို့အားတိုက်ထုတ်ပြီး ၁၉၄၅ ခုနှစ်တွင် ဖက်ဆစ်တို့အား တော်လှန်တိုက်ထုတ်ခဲ့သည့် မြန်မာတို့၏ မျိုးချစ်တပ်မတော်ကို မည်သို့မျှ စိတ်မချနိုင်တော့ပေ။ ထို့ကြောင့် ၁၉၄၅ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ဗြိတိသျှတို့၏ အာရှ-အရှေ့တောင်ပိုင်းသေနာပတိချုပ် မောင့်ဘက်တန်နှင့် မြန်မာ့တပ်မတော်ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြသည်။ ဗြိတိသျှတို့က မျိုးချစ်တပ်မတော်မှ အရာရှိမဟုတ်သော တပ်မတော်သား အရေအတွက် ၅၂၀၀ အထိ မြန်မာနိုင်ငံတပ်မတော်သားအဖြစ် စာရင်းသွင်းစေခဲ့သည်။ နောက်ထပ် တပ်မတော်သားသစ် သွင်းလိုပါက အရည်အချင်း ပြည့်စုံသူ ၂၀၀ မှ ၃၀၀ အထိသာ လက်ခံရမည်ဟုဆိုသည်။ ထိုကန့်သတ်ချက်ကို ကန္ဒီစာချုပ်တွင် ဖော်ပြခဲ့သည်။ မျိုးချစ် တပ်မတော်မှ အရာရှိများအနက်မှ ၂၀၀ အထိသာ လက်ခံမည်ဖြစ်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗြိတိသျှတပ်များတွင် တာဝန်ထမ်းခဲ့သော မြန်မာနိုင်ငံမှ တပ်သား၊ တပ်ဗိုလ်များနှင့် မျိုးချစ်တပ်မတော်ကို ရောနှောဖွဲ့စည်းစေခဲ့ခြင်းဖြစ်သည်။ မျိုးချစ်တပ်မတော်မှ မျိုးချစ်တပ်သားများစွာ လျှော့ချခံရသည့်အပြင် လက်နက်မျိုးစုံ အမြောက်အမြားကိုလည်း သိမ်းယူသွားခဲ့သည်။

နယ်ချဲ့ဗြိတိသျှတို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး ဗြိတိသျှလက်အောက်ခံ စစ်တပ်ဖွဲ့ရာ၌ တိုင်းရင်းသားအချို့ကို တမင်သွေးခွဲပေးရန် သိမ်းသွင်းလက်ခံ ဖွဲ့စည်းခဲ့သည်။ လွတ်လပ်ရေးပြန်ရသည့် ၁၉၄၈ ခုနှစ်မှစပြီး လက်ဝဲ၊ လက်ယာဝါဒကွဲဂိုဏ်းဂဏကွဲ၊ နယ်ချဲ့သွေးခွဲခံ သံသယစွဲများဖြင့် လက်နက်ကိုင်တောခိုကြရာ ဗမာပြည် ကွန်မြူနစ်ပါတီ(ဗကပ)၊ အလံနီ ကွန်မြူနစ်ပါတီ၊ ပြည်သူ့ ရဲဘော်(အဖြူ) တို့ပါ တောခိုကြသည်။



တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ချီတက်လာကြသည့် တပ်မတော်သားများအား ပြည်သူများက ဤသို့ ပန်းကုံးများစွပ်၍ လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းမှုများကို ငွေကြေး၊ လက်နက်၊ စစ်ပညာထောက်ပံ့သော၊ အကြံပေးသော၊ ကာယကံမြောက်ကူညီသော နိုင်ငံခြားသားများကလည်း များလှသည်။ ကာနယ်တူးလောက်၊ မေဂျာယန်းစသည့် ဗြိတိသျှလူမျိုး (နယ်ချဲ့တပ်ဗိုလ်)များ၏ အမည်ကို



## တပ်မတော်အင်အားရှိ

အားလုံးမှတ်မိနေကြပေလိမ့်မည်။ မေဂျာယန်းသည် အာဏာသိမ်းဖမ်းနေသော ဂဠုန်ဦးစောအား ဘရင်းဂန်း (စက်သေနတ်ကြီး) အလက် ၂၀၀ ကျော်၊ စတင်းဂန်း၊ တော်မီဂန်း၊ ရိုင်ဖယ်၊ ပစ္စတိုနှင့် ခဲယမ်း မီးကျောက်များ ထောက်ပံ့ပေးကမ်းခဲ့သူဖြစ်သည်။

ထိုလက်နက်များသည် အာဇာနည်ခေါင်းဆောင်များအား လုပ်ကြံရန်လိုအပ်သော အရေအတွက်မဟုတ်။ ၁၉-၇-၄၇ ရက်နေ့က အာဇာနည်ခေါင်းဆောင်များအား လုပ်ကြံသတ်ဖြတ်ရာတွင် ဦးစောသည် တော်မီဂန်း၊ စတင်းဂန်း လေးငါးလက်သာသုံးခဲ့သည်။ ထိုမျှ များပြားသော ဘရင်းဂန်းအလက် ၂၀၀ သည် အကယ်၍ မြန်မာနိုင်ငံအား လွတ်လပ်ရေး မလွှဲမရှောင်သာပေးလိုက်ရပါက ဂဠုန်ဦးစောက ပုန်ကန်ပြီး ပြည်တွင်းစစ်ဖန်တီးရန်၊ မြန်မာနိုင်ငံပြိုကွဲပြီး လွတ်လပ်ရေးပြန်လည်ဆုံးရှုံးစေရန်

# မြန်မာနိုင်ငံ၌ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီး ယခုနှစ် ဒီဇင်ဘာလတွင် ဖွင့်လှစ်မည် တိုင်းတစ်ပါးအကူအညီမပါ မိမိနိုင်ငံပိုင် အတတ်ပညာ၊ လူ့စွမ်းအားများဖြင့် တည်ဆောက်ခဲ့ သံလွင်တံတား(မော်လမြိုင်)စီမံကိန်း အပြီးသတ်ရွှေမှုလီတပ်ဆင်ခြင်း အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၆

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် အဆိုပါ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ ပင်မတံတားရေလယ်တိုင်အမှတ် R.P. 10 ပေါ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့် အမှာစကားပြောကြားပြီး သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီကို တပ်ဆင်ပေးသည်။**

အဆိုပါ မင်္ဂလာအခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းမှ တာဝန်ခံ အင်ဂျင်နီယာမှူးကြီးများနှင့် ဝန်ထမ်းများ၊ မွန်ပြည်နယ် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့မှ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဒေသခံ မွန်၊ ကရင်၊ ပအိုဝ်း တိုင်းရင်းသား၊ တိုင်းရင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာနှင့် ပန်းဖွားအကအဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ကြိုဆိုဂုဏ်ပြု

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် မွန်ပြည်နယ်အတွင်း မြို့တော်မော်လမြိုင်နှင့် မုတ္တမကမ်းဘက် သံလွင်မြစ်ဝကို ဖြတ်ကျော်ပြီး ကားလမ်း၊ ရထားလမ်း၊ လူကူးလမ်းများဖြင့် ဆက်သွယ်ပေးမည့် သံလွင်တံတား(မော်လမြိုင်)၏ သံပေါင်များ တပ်ဆင်ရာမှာ ပြီးစီးတော့မည်ဖြစ်၍ အပြီးသတ်အဆင့် ရွှေမှုလီ တပ်ဆင်သည့် အခမ်းအနားကို (၅၉)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသည့်အနေနှင့် မင်္ဂလာရှိစွာ ကျင်းပခြင်းဖြစ်ကြောင်း။

### ကမ္ဘာ့စံချိန်မီတံတား

ဤတံတားသည် ရန်ကုန်မြို့မှ မိုင်ပေါင်း ၈၄၂မိုင်ဝေးကွာသော မြန်မာပြည်တောင်ဘက်ဖျားရှိ ကော့သောင်းမြို့မှနေ၍ မြိတ်–ထားဝယ်–မော်လမြိုင်–ရန်ကုန်ကို ဆက်သွယ်ထားသည့် ပြည်ထောင်စု ကားလမ်းမကြီးပေါ်တွင် တည်ရှိကြောင်း၊ တံတား၏အရှည်မှာ ရေလယ်တွင် အလျား ၇၆၉၉ ပေနှင့် ချဉ်းကပ်တံတား နှစ်ဖက်၏ အရှည် ၃၈၇၆ပေ၊ စုစုပေါင်း ၁၁၅၇၅ပေ၊ နှစ်မိုင်ကျော်ရှည်လျားကြောင်း၊ တန်ချိန် ၆၀ခံနိုင်ဝန်အားရှိသည့် ကားနှင့် ရထားပါ ဖြတ်သန်းနိုင်သော ကမ္ဘာ့စံချိန်မီ တံတားကြီးဖြစ်ကြောင်းကိုလည်း အသိပေး တင်ပြလိုကြောင်း၊ ရထားလမ်းမပါ–ကားကူး တံတားသက်သက် မြန်မာကျပ်ငွေ သန်းပေါင်း ၂၀၅၇၉ သန်းကျော်နှင့် အမေရိကန်ဒေါ်လာ ၁၃သန်းခန့် တန်ဖိုးကြီးမားကြောင်းကိုလည်း အသိပေးလိုကြောင်း၊အားလုံး တန်ဖိုးစုစုပေါင်းကို မြန်မာငွေနှင့် တွက်လျှင် စုစုပေါင်း ကျပ်သန်းပေါင်း ၃၅၀၀၀ ကျော် ကုန်ကျမှာဖြစ်ကြောင်း။

### အရှည်ဆုံးနှင့် အခံ့ညားဆုံး

မြန်မာနိုင်ငံတွင် ယနေ့ထိပေ ၁၈၀ နှင့်အထက် တံတားပေါင်း ၁၆၉ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ တစ်နိုင်ငံလုံး၌ အရှည်ဆုံးနှင့် အခံ့ညားဆုံး တံတားတစ်ခုကိုပြပါဆိုလျှင် ဤတံတားကို ပြရမှာဖြစ်ကြောင်း၊ နိုင်ငံအတွင်းမှာ ထပ်မံတည်ဆောက်မည့် အကြီးအင်ဂျင်နီယာလုပ်ငန်းများ လုပ်ကိုင်နေသော တံတား ၂၇စင်းနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင်လည်း ယခုတံတားကြီးကို အရှည်အားဖြင့် မီလာစရာအကြောင်း မရှိနိုင်ကြောင်း၊ ဤတံတားကြီး၏ တည်ဆောက်မှု စတင်သည်မှစပြီး ယခုအချိန်ထိ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာ အဆင့်ဆင့်များသည် တိုင်းတစ်ပါးက ပညာရှင်များနှင့် နည်းပညာ အကူအညီလုံးဝမပါရှိဘဲ မိမိနိုင်ငံတွင်းရှိ နိုင်ငံသားများနှင့် မိမိနိုင်ငံပိုင် အတတ်ပညာ၊ လူ့စွမ်းအား အရင်းအမြစ်များဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားစရာ ဖြစ်သကဲ့သို့ တံတားကြီး မွေးဖွားသန့်စင် တည်ရှိရာ မွန်ပြည်နယ်နှင့် ဒေသပြည်သူများအတွက်ပါ ဂုဏ်ယူစရာအတိ ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

### အမွေခံကောင်း

ယနေ့နိုင်ငံတော်အစိုးရသည် အလွန်ကုန်ကျစရိတ်များပြားလှသည့် တံတားတည်ဆောက်မှုများကို စျေးတွက်တွက်မနေဘဲ ပြည်သူတစ်ရပ်လုံး၏ သားစဉ်မြေးဆက် ခံစားရရှိစေမည့် အမွေခံကောင်းများအဖြစ် ကျန်ရစ်လေအောင် အကျိုးအမြတ်မတွက်ချက်ဘဲ ပြည်သူများအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ယနေ့ အပြီးသတ် ရွှေမှုလီ တပ်ဆင်မည့် သံလွင်–မုတ္တမတံတားမှာလည်း ဆက်ခံကျန်ရစ်မည့် အမွေခံကောင်းတစ်ခုဖြစ်ကြောင်း၊ ဒေသခံပြည်သူများကို အာရုံပြုလာနိုင်စေရန် ထပ်မံတင်ပြရမည်ဆိုလျှင် ယခုကဲ့သို့ တံတားမျိုးမှာ ဘယ်သို့သောအစိုးရကမှ စိတ်ကူးစိတ်သန်း မရှိခဲ့သည့်၊ စိတ်ပင်မကူးရဲသည့် လုပ်ငန်းမျိုးဖြစ်ပြီး ပြည်သူများအနေနှင့်လည်း အိပ်မက်ပင် မမက်နိုင်လောက်သည့် တည်ဆောက်မှုမျိုးဖြစ်ကြောင်း၊ ယခုနှစ် ဒီဇင်ဘာလမှာ ဖွင့်လှစ်တော့မှာဖြစ်၍ ဤတံတားကြီးက သက်သေအဖြစ် ကမ္ဘာတည်သရွေ့ အကျိုးခံစားနေနိုင်တော့မှာဖြစ်ကြောင်း ပြောကြားလိုကြောင်း၊ ဤတံတားကြီးဖွင့်ပြီးလျှင် ကားနှင့် ကော့သောင်းကနေ မော်လမြိုင်–ရန်ကုန်ဆက်ပြီး မြန်မာနိုင်ငံ၏မြောက်ဖျားက ပူတာအို၊ မချမ်းဘောအထိ ဘယ်နေရာမှာမှ မဆင်းရဘဲ တောက်လျှောက်သွားလာနိုင်တော့မှာဖြစ်သလို ရထားနှင့်ဆိုလျှင် ထားဝယ်မှသည် ရေး–မော်လမြိုင်–ရန်ကုန်အထိ သွားနိုင်မှာဖြစ်ကြောင်း။

အခုလို ဖြစ်ပေါ်လာမှု၏ အရင်းအမြစ်ကို ဆန်းစစ်ကြည့်မည်ဆိုလျှင် နိုင်ငံတော်အစိုးရ အကြီးအကဲများ၏ မှန်ကန်သည့် လမ်းညွှန်မှု၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများနှင့် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ တက်ညီလက်ညီ ဆောင်ရွက်နိုင်မှုဆိုသည့် အကြောင်းတရားများကြောင့် ဖြစ်ပေါ်လာရသည့် လက်တွေ့ဘဝအဖြေများ၊ ရလဒ်များပင်ဖြစ်ကြောင်း။

အချုပ်အားဖြင့် မကြာမီမှာ တပ်ဆင်တော့မည့် အပြီးသတ် ရွှေမှုလီများ တပ်ဆင်ပြီးသည်နှင့် ၂၀၀၄ခုနှစ် ဒီဇင်ဘာလမှာ ဖွင့်လှစ်မည့် ဤမဟာတံတားကြီး၏ အောင်မြင်မှုများနှင့်အတူ မွန်ပြည်နယ်ရှိ ဒေသခံတိုင်းရင်းသား ပြည်သူများသည်လည်း ဘဝတိုးတက်မှုများ၊ စီးပွားရေး အခွင့်အလမ်းကောင်းများ ပွင့်လန်းလာပြီး ကျန်းမာအသက်ရှည်စွာဖြင့် နောင်လာလတ္တံ့သော သားစဉ်မြေးဆက်တို့အတွက် အမွေအနှစ်ကောင်းတစ်ခုအဖြစ် ပေးခဲ့နိုင်ပါစေကြောင်းနှင့် ဤသံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် ယခုတပ်ဆင်ပြီးစီးသွားသည့် တံတားသည် အမေရိကန်ဒေါ်လာ ၁၃သန်းတန်ဖိုးရှိသည့် သံပေါင်တန် ၁၉၀၀၀ကို အသုံးပြုထားခြင်းဖြစ်ကြောင်း၊ မနှစ်က မတ်လ ၃၀ရက်တွင် သံပေါင်များကို စတင်တပ်ဆင်ခဲ့ကြောင်း၊ ယင်းသို့ တပ်ဆင်ခြင်းမှာ အချိန်တိုအတွင်း ပြီးစီးအောင် မော်လမြိုင်နှင့် မုတ္တမဘက်ကမ်းမှ နှစ်ဖက်ခွဲ တပ်ဆင်ကြောင်း၊ အလယ်တွင် တိကျအောင်ဆက်ပြီး တပ်ဆင်နိုင်ခဲ့၍ ယနေ့ တစ်နှစ်အကြာမှာ သံပေါင်တပ်ဆင်တာပြီးဆုံးသည့် အထိမ်းအမှတ်အဖြစ်နှင့် ရွှေမှုလီတပ်ဆင်ခြင်း အခမ်းအနားကို ကျင်းပနိုင်ခြင်း ဖြစ်ကြောင်း။

ဤတံတားကြီး တည်ဆောက်ထားရာတွင် ထူးခြားချက်များရှိကြောင်း၊ ယင်းမှာ ရေပြင်က အလွန်ကျယ်ကြောင်း၊ ရေစီးကလည်း အတော်သန်ကြောင်း၊ ထို့ပြင် ရေအောက်ကြမ်းပြင်မှာ သာမန်မြေသားမဟုတ်ဘဲ ကျောက်များဖြစ်နေခြင်းကြောင့် ယင်းကျောက်တွေထဲကို တူးပြီး တံတားတိုင်များစိုက်ထူရန်မှာ မိမိတို့မှာ မူလရှိပြီးသား ဘိုးပိုင်တူးစက်နှင့် မတူးနိုင်၍ ကျောက်ထဲကို အဆင်ပြေချောမွေ့အောင် တူးနိုင်သည့် စက်သစ်များ ထပ်ဝယ်ပြီးမှ အနက်ပေ ၁၃၀လောက်အထိ ဘိုးပိုင်တွေတူးပြီး ဆောင်ရွက်ရကြောင်း၊ ပင်မရေလယ်တိုင်များကိုလည်း ထုနှင့် ထည်နှင့် ပိုပြီးခိုင်မာအောင် ဘိုးပိုင်တိုင်များ တစ်ခုနှင့်တစ်ခု တွဲဆက်ပြီး ယင်းပေါ်မှာမှ တံတားတိုင်ကို တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ နောက်တစ်ခု ထူးခြားသည်မှာ ယခင် မိမိတို့တည်ဆောက်ခဲ့သည့် သန်လျင်တံတား အမှတ်(၁)၊ ချင်းတွင်းမြစ်ကူးတံတား (ဆင်ဖြူရှင်)တွေမှာ ရထားလမ်းကို သံပေါင်အတွင်းထဲမှာထားပြီး ကားလမ်းကို သံပေါင်၏ အပြင်ဘေးတစ်ဖက်စီ အနေအထားဖြင့် တည်ဆောက်ခဲ့ကြောင်း၊ ယင်းတံတားမှာ ပင်မသံပေါင်ခွင်အတွင်းမှာပင် မီးရထားလမ်းက ၁၄ပေ၊ ကားလမ်းက နှစ်လမ်းမောင်း ၂၈ပေနှင့် ယှဉ်တွဲတည်ဆောက်ထားခြင်းဖြစ်၍ ပိုပြီး ခိုင်ခံ့မှာဖြစ်ကြောင်း။

သံလွင်မြစ်ပေါ်မှာ ၁၉၈၈ မတိုင်မီက ကွမ်းလုံကြိုးတံတားနှင့် တာကောတံတား နှစ်စင်းသာရှိခဲ့ပြီး ၁၉၈၈ခုနှစ်နောက်ပိုင်းမှာသံလွင်တံတား(တာဆန်း၊ တာကော်အက်၊ ဘားအံ) စသည်ဖြင့် သုံးစင်း ဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ယခု ဤတံတားနှင့် ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင်မှာ သံလွင်တံတား(တာပါး) နှစ်စင်းက တည်ဆောက်ဆဲဖြစ်ကြောင်း။

နိဂုံးချုပ်အနေနှင့် ပြောကြားလိုသည်မှာ ယနေ့မှာ သံပေါင်တပ်ဆင်ပြီးစီးသွားသည့် ဤတံတားကြီးကိုယခုနှစ် ဒီဇင်ဘာလမကုန်မီ ဖွင့်လှစ်ပေးနိုင်အောင်၊ ကျန်ရှိသည့် လုပ်ငန်းများကို အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းပံ့ပိုး ကူညီ ဆောင်ရွက်ပေးသွားကြပါဟု တိုက်တွန်းရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ရှင်းလင်းပြောကြားရာတွင် သံလွင်မြစ်ကူးတံတားကြီး (မော်လမြိုင်) မကြာခင် တည်ဆောက်ပြီးတော့မည်ဖြစ်သည့်အတွက် မွန်ပြည်နယ်သာမက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မှာ ဖြစ်ကြောင်း၊ အထူးသဖြင့် ပြောရမည်ဆိုလျှင် မွန်ပြည်နယ် သထုံခရိုင်၊ မုတ္တမနှင့် မော်လမြိုင်မြို့ကြီးမှာ နီးပါလျက် သံလွင်မြစ်ကြီးက ခြားထားသည့်အတွက် ရာသီဥတု ပြင်းထန်၊ လေလှိုင်းထန်သည့် ကြားကနေပြီး လှေ၊ သင်္ဘောကိုသာ အားထားပြီး သွားလာလှုပ်ရှား ကူးသန်းရောင်းဝယ်ခဲ့ရကြောင်း၊ ကျောင်းသူ၊ ကျောင်းသားများ အနေနှင့်လည်း ပင်ပန်းကြီးမားစွာဖြင့် မော်လမြိုင်မှာ စာသင်ကြားကြရကြောင်း။

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❐



**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီကို တပ်ဆင်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။** (သတင်းစဉ်)





**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

❒ စာမျက်နှာ ၁၀ မှ

ယင်းသို့ သံလွင်မြစ်ကြီး ခြားနေသည့်အတွက် သွားရေးလာရေး အချိန်ကြန့်ကြာမှုရှိသည့်အပြင် ရေပြင်မှာ အန္တရာယ် ကြုံတွေ့ခဲ့ရသည်များလည်း ရှိခဲ့ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူလူထုတစ်ရပ်လုံး အနေနှင့် မည်သည့်အခါကမှ မမျှော်မှန်းခဲ့မိသော အိပ်မက်မှာသာရှိခဲ့သော သံလွင်မြစ်ကူးတံတားကြီး ပြီးစီးတော့မှာ ဖြစ်သည့်အတွက် ဝမ်းသာပီတိ ဖြစ်နေကြပါကြောင်း အထူးပြောကြားလိုကြောင်း။

**အချိန်တိုအတွင်း**

မြန်မာနိုင်ငံမှာ အရှည်ဆုံးနှင့် အကြီးဆုံးတံတားကြီးဖြစ်သည့် သံလွင်တံတား (မော်လမြိုင်) မြစ်ကူးတံတားကြီးမှ တစ်ဆင့် မြန်မာနိုင်ငံ မြောက်ဘက် အစွန်အဖျားမှာရှိသော ပူတာအိုမြို့မှနေ ပြည်ထောင်စုလမ်းမကြီးနှင့် မြန်မာနိုင်ငံ တောင်ဖက်အစွန်းမှာရှိသည့် ကော့သောင်းမြို့အထိ မော်တော်ကားနှင့် အခက်အခဲမရှိ အချိန်တိုအတွင်း ခရီးသွားနိုင်တော့မည်ဖြစ်၍ ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှနေပြီး သံလွင် (မော်လမြိုင်) တံတားကြီးမှတစ်ဆင့် မော်လမြိုင်မြို့ကိုဖြတ်ပြီး တနင်္သာရီတိုင်း၊ ထားဝယ်မြို့အထိ မီးရထားဖြင့် ခရီးသွားလာနိုင်တော့မည် ဖြစ်ကြောင်း။

ထို့ကြောင့် နယ်မြေဒေသအတွက် သာမက နိုင်ငံကြီးတစ်ခုလုံးအတွက် တန်ဖိုးမဖြတ်နိုင်သော အကျိုးကျေးဇူး ရရှိလာအောင် လမ်းညွှန်စီမံပေးသည့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်တကွ အကြီးအကဲများ၊ သတ်မှတ်သည့်ကာလထက် စောပြီး ပြီးစီးအောင် တည်ဆောက်ပေးသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် အင်ဂျင်နီယာမှူးကြီးများ၊ ကာယ၊ ဉာဏ ဝန်ထမ်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မွန်ပြည်နယ် လူထုကြီးတစ်ရပ်လုံးကိုယ်စား ပြောကြားလိုပါကြောင်း ပြောကြားသည်။

**နေရာယူ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့သည် အပြီးသတ် ရွှေမှုလီတပ်ဆင်မည့် သံလွင်တံတား(မော်လမြိုင်) R.P.10 ပေါ်ရှိ သတ်မှတ်နေရာအသီးသီးတို့တွင် နေရာယူကြသည်။

**ရွှေမှုလီတပ်ဆင်**

ထို့နောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းတို့က သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီတို့ကို သတ်မှတ်သံမဏိသံပေါင်နေရာအသီးသီးတို့၌ တစ်ပြိုင်တည်း တပ်ဆင်ပေးကြပြီး အပြီးသတ်ရွှေမှုလီများအပေါ် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပေးကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေး ဝန်ထမ်းများနှင့်အတူ သံလွင်တံတား(မော်လမြိုင်)ပေါ်၌ မှတ်တမ်းတင် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် သံလွင်တံတား(မော်လမြိုင်)ပေါ်မှ မော်လမြိုင်မြို့ဘက်ကမ်းသို့ ဖြတ်သန်းကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သံလွင်တံတား (မော်လမြိုင်)မှာ ရန်ကုန် - မော်လမြိုင် - မြိတ် - ကော့သောင်းလမ်းပေါ်တွင် တည်ရှိပြီး မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သံလွင်မြစ်ကို ဖြတ်ကျော်ကာ မော်လမြိုင်မြို့နှင့် ပေါင်မြို့နယ် မုတ္တမတို့ကို ဆက်သွယ်ပေးမည့် တံတားကြီးဖြစ်သည်။

**ကားလမ်းအရှည်**

ကားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၁၁၅၇၅ပေ ရှည်မည်ဖြစ်သည်။

**ရထားလမ်းအရှည်**

ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၈၇၁၆ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှ ၁၀၀၅၁ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ပေ ရှည်မည်ဖြစ်သည်။

အဆိုပါ သံလွင်တံတား(မော်လမြိုင်)တွင် ယာဉ်သွားလမ်းအကျယ် ၂၈ပေ၊ ရထားလမ်းအကျယ် ၁၄ပေနှင့် ယာဉ်သွားလမ်း၏တစ်ဖက်စီတွင် ခြောက်ပေစီ အကျယ်ရှိ လူသွားလမ်းလည်း ပါရှိမည်ဖြစ်သည်။ ကားလမ်းနှင့် မီးရထားလမ်းတို့ယှဉ်၍ တည်ရှိမည့်တံတားကြီးဖြစ်သည်။

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် မြန်မာအင်ဂျင်နီယာများ ကိုယ်တိုင်တည်ဆောက်သည့် အရှည်ဆုံးနှင့် အကြီးဆုံးတံတား ဖြစ်လာမည်ဖြစ်သည်။ (သတင်းစဉ်)



**မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် သူရမြင့်အောင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီတပ်ဆင်ခြင်း မင်္ဂလာ အခမ်းအနားတွင် ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)



**ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း၏ အပြီးသတ် ရွှေမှုလီကို တပ်ဆင်ပေးစဉ်။** (သတင်းစဉ်)

# သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် လှိုင်ကော်ဘိုးဘွားရိပ်သာဖွင့်ပွဲသို့ တက်ရောက်

**ရန်ကုန် မတ် ၂၆**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ကယားပြည်နယ် လှိုင်ကော်မြို့နယ်ရှိ ပြည်နယ်ဘိုးဘွားရိပ်သာ၊ ကတ္တရာလမ်းသစ်၊ ကျေးရွာတယ်လီဖုန်း အိတ်ချိန်းများ ဖွင့်ပွဲသို့ တက်ရောက်သည်။

မတ် ၂၃ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့ရှိ ပြည်နယ်ဘိုးဘွားရိပ်သာဖွင့်ပွဲကို ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး တင်ထွန်း၊ ကော်မတီဝင် ဦးလှဖေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် ဖွင့်ပွဲကို ဘုရားဆောင်၌ ဆက်လက်ပြုလုပ်ရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးတို့က ဘုရားထီးတော်များ ဖွင့်လှစ်ပူဇော်သည်။

ထိုမှတစ်ဆင့် လှိုင်ကော်မြို့နယ် မင်္ဂလာရပ်ကွက် ခွာညိုလမ်း ကတ္တရာလမ်းဖွင့်ပွဲသို့ ရောက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီး၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် လှိုင်ကော်မြို့နယ် ထေးဌားလျားကျေးရွာသို့ ရောက်ရှိပြီး ကျေးလက်တယ်လီဖုန်း အိတ်ချိန်းဖွင့်ပွဲသို့ တက်ရောက်သည်။ (သတင်းစဉ်)

# ကမ္ဘာလှည့်ခရီးသည် ၉၂ဦး စင်းလုံးငှားလေယာဉ်ဖြင့် ပုဂံညောင်ဦးလေဆိပ်ရောက်ရှိ

**ရန်ကုန် မတ် ၂၆**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ပို့ဆောင်ရေးဝန်ကြီးဌာန၏ ပံ့ပိုးကူညီမှုနှင့် Adventure Myanmar Travels & Tours Co., Ltd ၏ စီစဉ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည် ၉၂ဦးတို့သည် Bangkok Airways စင်းလုံးငှားလေယာဉ်ဖြင့် ယမန်နေ့ နံနက် ၁၀နာရီတွင် ညောင်ဦးလေဆိပ်သို့ ဆိုက်ရောက်လာရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် Adventure Myanmar Travels & Tours Co., Ltd တို့မှ တာဝန်ရှိပုဂ္ဂိုလ်များက လည်းကောင်း၊ မြန်မာ့ရိုးရာအိုးစည်အက၊ ပုဂံရိုးရာ ဝတ်စုံများဖြင့် ပန်းများကမ်း၍ လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါဧည့်သည်များသည် မြန်မာနိုင်ငံအတွင်း လာရောက်လည်ပတ်စဉ် ပုဂံ-အင်းလေး-မန္တလေး မြို့များသို့ သွားရောက်လည်ပတ်ကာ မတ် ၃၁ရက် ညနေပိုင်းတွင် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အဆိုပါလေယာဉ်ဖြင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။ (သတင်းစဉ်)

# စာအုပ်ဈေးပွဲတော် ဝယ်ယူသူများဖြင့်စည်ကား

**ရန်ကုန် မတ် ၂၆**

(၅၉)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ကြီးမှူး၍ စာအုပ်ဈေးပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း(အထက်) ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (ယခင်ရုံးချုပ်)အဆောက်အအုံ၌ ဆက်လက်ဖွင့်လှစ်ရောင်းချလျက်ရှိသည်။

စာအုပ်ဈေးပွဲတော်သို့ ဌာနဆိုင်ရာများ၊ ရဟန်းရှင်လူပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ ၆၀၀၀ ခန့် လာရောက်ကြရာ လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး ယနေ့တွင် ငွေကျပ်ရှစ်သိန်းဖိုး ရောင်းချရသည်။

စာအုပ်ဈေးပွဲတော်ကို မတ် ၂၈ရက်အထိ ပိတ်ရက်မရှိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ အထူးလျှော့ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



**မတ် ၂၆ရက်က စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်မှူးကြီးဉာဏ်ထွန်း (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲပြခန်းများ ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဆုရရှိသော ကာကွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး ပြခန်းများကို ဆုချီးမြှင့်စဉ်။**
(သတင်း-၃) (သတင်းစဉ်)



**မတ် ၂၆ရက်က စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင် (၅၉)နှစ်မြောက် တပ်မတော်နေ့ ပြပွဲပြခန်းများ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ဆုရရှိသော ကာကွယ်ရေးဝန်ကြီး ဌာန တိုင်းစစ်ဌာနချုပ် ပြခန်းများကို ဆုချီးမြှင့်စဉ်။**
(သတင်း-၃) (သတင်းစဉ်)

"အမျိုးသမီးဘဝ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်စို့"
မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်
ပြည်နယ်/တိုင်း အမျိုးသမီးရေးရာအဖွဲ့ ကိုယ်စားလှယ်များ
စုံညီအစည်းအဝေး
ရန်ကုန်မြို့ ၂၈-၂၉.၃.၂၀၀၄

ယနေ့ထုတ်စောင်ရေ
၁၉၇၀၆၁






**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့်ဝန်ကြီးများ မန္တလေးတိုင်း သံဃနာယကအဖွဲ့ (ရွှေကျင်) ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇာတသာရမှ ပေးအပ်ထားသော ရှေးဟောင်းဗုဒ္ဓ ဆင်းတုတော်အား ကြည့်ရှုကြည်ညိုကြစဉ်။**

(သတင်းစဉ်)

❀ **ကျောဖုံးမှ**

အခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ယင်းရှေးဟောင်း ဗုဒ္ဓဆင်းတုတော်အား ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီးဗိုလ်ချုပ်ကြည်အောင်ထံ လွှဲပြောင်းပေးအပ်သည်။

**အဋ္ဌဂုဆင်းတုတော်အမျိုးအစား**

အဆိုပါရှေးဟောင်းဗုဒ္ဓဆင်းတုတော်သည် အဋ္ဌဂုဆင်းတုတော်အမျိုးအစားဖြစ်၍ ဖွားတော်မူခန်းမှ ပရိနိဗ္ဗာန်စံတော်မူခန်းအထိ ဗုဒ္ဓဝင်အခန်းပေါင်း ရှစ်ခန်းပါရှိသည်။

ယင်းရှေးဟောင်းဗုဒ္ဓဆင်းတုတော်မှာ စစ်ကိုင်းတိုင်းမြင်းမူမြို့နယ် ဝမ်းပြည့်ကျေးရွာ၌ အလောင်းစည်သူမင်းကြီး တည်ထားခဲ့သော ရှေးဟောင်းစေတီအား မန္တလေးမြို့ သီရိမန္တလာဈေးအောင်သုခဆိုင်ရှင် ဒေါ်ဘောဘီမိသားစုက ဘက်စုံပြုပြင်မွမ်းမံရာမှ ယင်းရှေးဟောင်း ဗုဒ္ဓဆင်းတုတော်အား တွေ့ရှိ၍ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတသာရထံ လှူဒါန်းခဲ့ပြီး ဆရာတော်က နိုင်ငံတော် ဝန်ကြီးချုပ်အား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**အပူဇော်ခံမည်**

အဆိုပါ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား အများပြည်သူကြည်ညိုနိုင်ရန် ရန်ကုန်မြို့ရှိ အမျိုးသားပြတိုက်၌ထားရှိ အပူဇော်ခံမည်ဖြစ်သည်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး မိုင်းရယ်–နမ့်လောင်းအထူးဖွံ့ဖြိုးရေး လမ်းဖွင့်ပွဲ တက်ရောက်

## လမ်းဖောက်လုပ်ခဲ့သည့် တပ်မတော်သားများနှင့် ဆောက်လုပ်ရေးဝန်ထမ်းများအား ဂုဏ်ပြုဆုငွေ ချီးမြှင့်

ရန်ကုန် မတ် ၂၆

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် တာဝန်ရှိသူများနှင့်အတူ မတ် ၂၁ရက် နံနက်ပိုင်းတွင် မိုင်းရယ်မြို့ ပြည်ထောင်စုခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးသည်။**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုကြီး၏ နယ်မြေ အစိတ်အပိုင်းအားလုံး ဖွံ့ဖြိုးတိုးတက်လာအောင် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့ကောင်းမွန်စေရေးသည် အဓိကကျသည့်အတွက် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေကရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း) အတွင်း အထူး ဖွံ့ဖြိုးရေးလမ်း ခြောက်လမ်း သတ်မှတ်၍ ၂၀၀၂–၂၀၀၃ ခုနှစ်မှ ၂၀၀၅–၂၀၀၆ ခုနှစ်အထိ လေးနှစ်စီမံကိန်းထားရှိပြီးဖြစ်နိုင်ပါက သုံးနှစ်အတွင်းပြီးစီးအောင် ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း။

ယင်းလမ်းများမှ ယခုဖွင့်လှစ်သည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မိုင်းရယ်–နမ့်လောင်းလမ်း ၂၄မိုင်၊ လွိုင်လင်–သီပေါလမ်း ၁၅၅မိုင်၊တန့်ယန်း–မိုင်းကောင်း–မိုင်းရှူးလမ်း ၅၅မိုင်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် ခိုလန်–ဝမ်ဆင်း – မိုင်းနောင် – မိုင်းရှူးလမ်း ၇၇မိုင်၊လဲချား–မိုင်းနောင်လမ်း၄၆မိုင်၊ နမ့်လောင်း–ကျေးသီး–ပန်ကေတုလမ်း ၅၂မိုင်တို့ဖြစ်ကြောင်း။

အဆိုပါလမ်း ခြောက်လမ်းအနက် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ဆက်သွယ်ထားသည့် လွိုင်လင်–လဲချား – မိုင်းကိုင် – ပန်ကေတု – တုံလော– နမ့်လန်–သီပေါကားလမ်းမကြီး အဆင့်မြှင့်တင် ဖောက်လုပ်ခြင်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် (တောင်ပိုင်း)ရှိ တပ်မတော်သားများ လုပ်အားဖြင့်ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၀၃ခုနှစ် မတ် ၂၆ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့သည်နှင့် အမျှ ဒေသ၏စီးပွားရေး၊ လူမှုရေး တိုးတက် ကောင်းမွန်ပြီး ဒေသဖွံ့ဖြိုးမှု ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှုတို့သည်လည်း တစ်ပါတည်း ဖြစ်ထွန်းလာမှာဖြစ်ကြောင်း၊ ထို့ပြင် ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့်တစ်ခု ကူးသန်းသွားလာမှု ဆက်သွယ်မှု တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ တိုင်းရင်းသား ပြည်သူများအကြား စီးပွားရေး၊ လူမှုရေး၊ ဆက်သွယ်ဆက်ဆံမှု၊ အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှုတို့ တိုးပွားလာပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စု စိတ်ဓာတ်တို့လည်း ပိုမိုထွန်းကားပြန့်ပွားခိုင်မာလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံချက်များချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူများကလည်း တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုဖွင့်လှစ်သည့်ကားလမ်းကြီး ရေရှည်တည်တံ့နေစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးက မိုင်းရယ်–နမ့်လောင်း အဆင့်မြှင့်တင်ဖောက်လုပ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်သားများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်ရာ တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်က လက်ခံရယူသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက မိုင်းရယ်–နမ့်လောင်း လမ်းအဆင့်မြှင့်တင်ဖောက်လုပ်ခြင်း လုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ ဝန်ထမ်းများအား ဂုဏ်ပြုလက်ဆောင်နှင့် ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းပေးအပ်ချီးမြှင့်ရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တွဲဖက်ပြည်နယ် အင်ဂျင်နီယာမှူးကြီး ဦးကျော်မင်းသိန်းက လက်ခံယူပြီးနောက် ဒေသခံတိုင်းရင်းသား ခေါင်းဆောင် ဦးလွယ်မောင်းက မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်း အကောင်အထည်ဖော် ဆောက်လုပ်ပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ဒေသခံ တိုင်းရင်းသား ခေါင်းဆောင် ဦးလွယ်မောင်းတို့က မိုင်းရယ်–နမ့်လောင်း အထူးဖွံ့ဖြိုးရေးလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် တိုင်းမှူးတို့က ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေး၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

**(၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကဗျာ**

## စစ်ထွက်သူသို့

★ စစ်ပွဲမြေ ထွက်ခွာရင်းပေမို့
ချစ်သဲဆွေ မျက်နှာတင်းပေမယ့်
ဆင်းရှာလု ပုလဲသွယ်။

★ တိုင်းပြည်ရေးရယ်မို့
စိတ်တွေးကာ ဘယ်လိုဖြေလဲ
ရီကာဝေ သည်မျက်လုံးတွေနဲ့
ရက်ပြိုးကို နိုင်နိုင်ပွင့်ရှာရ
လျှံတင့်ဖြာ သပြေခက်ရယ်နဲ့
ဟန်နှင့်သာ မသွေဆက်သည့်ပြင်
စစ်ထွက်သူ စိတ်တော်လှစေဖို့
ပြုံးရပြန်တယ်။

★ စစ်ခရာ ဆွဲကာမှုတ်ပြန်တော့
ချစ်ကလျာ သည်းညှာပြုတ်ရချည့်
ဟန်လုပ်ကာ မနေနိုင်တော့
တွေတွေဖြိုင် မျက်ရည်ဖုံးပြီသို့
မောင်ပြုံးကို မေမမြင်တော့
လက်သာပင် လှုပ်ကာပြပေမယ့်
နှုတ်ကဖြင့် ဆက်မလွယ်
အခက်ကြွယ်မယ့် သည်ချစ်ရေး။

★ ချီလေပြီ
မောင်စစ်သည် ခြေဖဝါးရယ်က
မြေသားလို သာသာနင်းပေမယ့်
မေ့ရင်တွင်း ကမ္ဘာတုန်လို့
စစ်ထွက်ပုံ သဘင်ပွဲကိုတော့
ဆင်နွှဲသူ မောင်မသိပေမယ့်
မချိသူ ချစ်သက်ထားမှာလ
မျက်ထားတော် ခါခါငယ်လို့
မောင့်နောက်ကွယ် သည်ငိုပွဲကိုတော့
(စစ်ထွက်သူရယ်)နွှဲရတယ်လေး။ ။

**တက္ကသိုလ်တင်ခ**

## အင်အားအသင့်အတင့် ငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂၆

**၂၀၀၄ခုနှစ် မတ်လ ၂၆ ရက် မြန်မာစံတော်ချိန်(၀၃)နာရီ (၅၀) မိနစ် (၁၈)စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ အရှေ့တောင်ဘက် မိုင် ၁၇၀၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြင်ပနေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၅ဒသမ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောမြေငလျင်တစ်ခုလှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။**

## အင်အား အနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် မတ် ၂၆

**၂၀၀၄ခုနှစ် မတ်လ၂၆ရက် မြန်မာစံတော်ချိန်(၀၄)နာရီ(၅၂) မိနစ်(၁၈) စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ မြောက်ဘက်၂၀၆ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း နေရာကို ဗဟိုပြု၍ အင်အား ရစ်ချ်တာစကေး ၄ဒသမ၇အဆင့်ရှိ အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားခြင်းကို တိုင်းထွာရရှိကြောင်း သက်ဆိုင်ရာက သတင်းထုတ်ပြန်သည်။**

## မိုး သတိပြု

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အန္တရာယ်ဂူအမျိုးအစား ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် မတ် ၂၆

**နိုင်ငံတော်ဝန်ကြီးချုပ်ထံ မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတသာရမှ ပေးအပ်ထားသော ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ယနေ့ညနေ ၄နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်ခန်းမဋ္ဌကျောင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်အား လွှဲပြောင်းပေးအပ်သည်။**

**တက်ရောက်**

ယင်းအခမ်းအနားသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်နှင့် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၁၂ ကော်လံ ၁ သို့** ❁



**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မန္တလေးတိုင်း သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ဒဟတ်တောကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုဇာတသာရမှ ပေးအပ်ထားသော ရှေးဟောင်းဗုဒ္ဓဆင်းတုတော်**(အပေါ်ပုံ)**အား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်ထံ လွှဲပြောင်းပေးအပ်စဉ်။** (အောက်ပုံ) (သတင်းစဉ်)

## တပ်မတော်နေ့ အခမ်းအနား ကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

ရန်ကုန် မတ် ၂၆

**၂၀၀၄ ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ကျင်းပပုံနှင့် စစ်ရေးပြအခမ်း အနားတွင် ပါဝင်စစ်ရေးပြကြမည့် စစ်ကြောင်းများ မြို့မကွင်းမှ တော်လှန်ရေးပန်းခြံသို့ ချီတက်စစ်ရေး ပြကြပုံများကို မြန်မာ့အသံနှင့် မြန်မာ့ရုပ်မြင်သံကြားတို့မှ မတ် ၂၇ရက် နံနက်၆နာရီမှစ၍ အခမ်း အနားကျင်းပရာ တော်လှန်ရေး ပန်းခြံမှ တိုက်ရိုက်ထုတ်လွှင့် မည်ဖြစ်သည်။** (သတင်းစဉ်)



## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍ များကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## မြန်မာနိုင်ငံတွင် အရှည်ဆုံးနှင့် အကြီးဆုံးတံတား သံလွင်တံတား(မော်လမြိုင်) စီမံကိန်း အပြီးသတ် ရွှေမှုလီတပ်ဆင်ခြင်းမင်္ဂလာအခမ်းအနား ကျင်းပ

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးနှင့်အကြီးဆုံးတံတားကြီးကို မတ် ၂၆ ရက်က တွေ့ရစဉ်။** [သံလွင်တံတား(မော်လမြိုင်)မှာ ကော့သောင်း-မြိတ်-ထားဝယ်-မော်လမြိုင်-ရန်ကုန်ကို ဆက်သွယ်ထားသည့် ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိပြီး တံတားအရှည် နှစ်မိုင်ကျော်(၁၁၅၇၅)ပေ ရှည်လျားပြီး ကားနှင့်ရထားပါ ဖြတ်သန်းနိုင်သော ကမ္ဘာ့စံချိန်မီ တံတားကြီး ဖြစ်သည်။] **(သတင်း-၁၀)** (သတင်းစဉ်)

## (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု



ကျော်ဇင်ညွှန့် (တရားရုံးချုပ် ရှေ့နေ)၏ (၅၉)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ဆောင်းပါး **"တပ်မတော် အင်အားရှိမှ တိုင်းပြည်အင်အား ရှိမည်"**ကို စာမျက်နှာ(၈)နှင့် (၉)တွင် ဖော်ပြထားပြီး **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ အကျိုးစီးပွားကို ထာဝစဉ် သယ်ပိုး ဆောင်ရွက်နေသည့် တပ်မတော်"** ဓာတ်ပုံမှတ်တမ်းကို စာမျက်နှာ(၇)၊ ကျော်စောဟန်၏ **"တပ်မတော်၏ အတိတ် ပစ္စုပ္ပန် အနာဂတ်"** ကဗျာကို စာမျက်နှာ(၂)နှင့် တက္ကသိုလ်တင်ခ၏ **"စစ်ထွက်သူသို့"** ကဗျာကို စာမျက်နှာ (၁၂)နှင့် နေမွန်ရွှေဝင်း၏ ကာတွန်းကို စာမျက်နှာ(၁၃)တွင် ဖော်ပြထား ပါသည်။ **(ကြေးမုံ)**

